# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၃)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## အင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီးရေးဆောင်ရွက် မိမိဒေသ၊ ရေ၊ မြေနှင့်ကိုက်ညီသော လုပ်ငန်းသစ်များအတွက် လိုအပ်ချက်များ ထိုးထွင်းကြံဆလုပ်ကိုင်

**နေပြည်တော် ဇွန် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရန် နိုင်ငံတော်အစိုးရသည် ကော်မတီ(၂)ရပ်၊ လုပ်ငန်းစဉ်(၈)ရပ်တို့ဖြင့် ကဏ္ဍအသီးသီးအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တက်သိမ်းအင်း၌ အင်းလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ရေလုပ်သားများနှင့် တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တက်သိမ်းအင်းသည် မန္တလေးတိုင်းဒေသကြီး၏ ငါးစားသုံးမှုလိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနေသော အင်းဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးအတွက် အင်းသူကြီးများနှင့် ရေလုပ်သားများက သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲ တိုင်းရင်းငါးမျိုးများ ပြုန်းတီးမှုကိုပါ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရေလုပ်သားများ သက်သာချောင်ချိမှု ရှိစေရန်အတွက် အင်းပတ်ဝန်းကျင် ကျေးရွာများရှိ အိမ်ဆိုင်များအား ဖြန့်ချိရောင်းချပေးနိုင်မည့် အခြေခံစားသုံးသူ သမဝါယမ လက်ကားအသင်းဆိုင်များကို ဖွဲ့စည်းဖွင့်လှစ်ပြီး အရင်းမပျောက် မတည်ငွေများအား အတိုးမဲ့ထုတ်ချေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသစ်ထူထောင်ရာတွင် အစိုးရအပေါ် လုံးဝမှီခို အားထားနေခြင်းမှ စုပေါင်းအကောင်အထည်ဖော်နိုင်မည့် သမဝါယမလုပ်ငန်းများဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိဒေသ၊ ရေ၊ မြေနှင့်ကိုက်ညီသော လုပ်ငန်းသစ်များအတွက် လိုအပ်ချက်များကို ထိုးထွင်းကြံဆကာ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြပါရန် တိုက်တွန်းပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ် တောင်သမန်အင်းသို့ သွားရောက်ပြီး အင်းပတ်ဝန်းကျင် ကျေးရွာများမှ ရေလုပ်သားများနှင့် တွေ့ဆုံကာ ရေလုပ်ငန်း သမဝါယမအသင်းအစုအဖွဲ့များဖွဲ့စည်း၍ တောင်သမန်အင်းအား ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီးစေရေးတို့အား ကူညီဆောင်ရွက်ပေးကြပါရန် အထူးအလေးအနက်ထား မှာကြားလိုကြောင်း၊ အင်းသဘာဝအလှမပျက်စီးစေဘဲ အင်းအား အမှီသဟဲပြု မှီတင်းနေထိုင်ကြသော ပြည်သူများကလည်း တိုင်းချစ်ပြည်ချစ်စိတ် အပြည့်အဝဖြင့် ပူးပေါင်းကာကွယ်ထိန်းသိမ်းဆောင်ရွက်ကြရင်း လူမှုစီးပွားဘဝ တည်ဆောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။ ***စာမျက်နှာ ၉ ကော်လံ ၇*** ◆




သမဝါယမ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အမရပူရမြို့နယ် တောင်သမန်အင်းပတ်ဝန်းကျင် ကျေးရွာများမှ ရေလုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆောင်သစ်ဖွင့် လူနာများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးအတွက် အကောင်းဆုံးစောင့်ရှောက်

**နေပြည်တော် ဇွန် ၃**

ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ အဆိုပါဆေးရုံသစ်ကြီး တိုးချဲ့ဆောင်သစ်ရှေ့မျက်နှာစာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာငွေနောင်နှင့် မတည်အလှူရှင် Naing Group Construction Co.,Ltd. နာယက ဦးကျော်နိုင်ဦးတို့က တိုးချဲ့ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တိုးချဲ့ဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ တိုးချဲ့ဆောင်သစ်၏ လူနာခန်းများ ဖွဲ့စည်းထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဥယျာဉ်နားနေဆောင်၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရာတွင် အဆောက်အအုံများမှာ သစ်လွင်ကျယ်ဝန်းသော်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် တာဝန်ယူမှု အားနည်းနေဆဲဖြစ်၍ ပိုမိုတိုးတက်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်၊ သူနာပြုများကို အားထားနေရသဖြင့် ရုံးချိန်အတွင်း အရေးပေါ်ကိစ္စကြုံလာပါက တစ်ခါတစ်ရံ အခက်အခဲရှိတတ်ကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ယူစောင့်ရှောက်နေသော ဆေးရုံ၊ ဆေးခန်းများတွင်မူ ဆရာဝန်ကြီး/ငယ်များ၊ သူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများက အချိန်ပြည့် ဆင့်ကဲဆင့်ကဲ အလှည့်ကျ တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိသဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိပြီး အတွင်းလူနာရော အပြင်လူနာပါ များပြားပြည့်လျှံလျက်ရှိကြောင်း။

ဥပမာအားဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသည် သင်ကြားရေးဆေးရုံ ခုတင်(၂၀၀)ဆေးရုံဖြစ်သော်လည်း ကုသမှု ခံယူလျက်ရှိသော အတွင်းလူနာများပြားလွန်းသဖြင့် နေရာထိုင်ခင်း အခက်အခဲရှိကြောင်း၊ ထို့ကြောင့် လူနာများ သက်သောင့်သက်သာ ဆေးကုသမှု ခံယူနိုင်ရန်အတွက် လူနာခန်းများ၊ ဆေးကုသဆောင်များကို တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ မတည် အလှူရှင်နှင့်တကွ စေတနာရှင်များစွာ၏ လှူဒါန်းမှုတို့ဖြင့် ***စာမျက်နှာ ၆ ကော်လံ ၄*** ■






ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၄ ရက်)

# ပေးဆပ်ခြင်းနှင့် ရယူခြင်း

လောက၌ ပေးဆပ်ခြင်းနှင့် ရယူခြင်းတည်းဟူသော အကြောင်းနှစ်ပါးရှိ၏။ ငွေကြေးဖြစ်စေ၊ ပစ္စည်းတစ်စုံတစ်ခုခုကိုဖြစ်စေ ထောက်ပံ့ကူညီသူတို့သည် ပေးဆပ်သူများဖြစ်ကြသည်။ ယင်းတို့ကို လက်ခံသူတို့သည် ရယူသူများဖြစ်ကြ၏။ မည်သို့ပင်ဖြစ်စေ ပေးသူနှင့်ယူသူသည် အကြောင်းအကျိုးရှိ၏။

ပေးသူသည်ကား တစ်သက်လုံးပေးဆပ်နေသူမဖြစ်နိုင်။ ထို့အတူ ယူသူသည်လည်း အမြဲတမ်းယူသူမဖြစ်သင့်ပေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယူသူသည် ပေးသူဖြစ်အောင် တစ်ဖန်ပြန်လည်ကြိုးစားသင့်သည်။ မိဘထံမှဖြစ်စေ၊ သူငယ်ချင်းအပေါင်းအသင်းတို့ထံမှဖြစ်စေ၊ သူစိမ်းတစ်ဦးတစ်ယောက်ထံမှဖြစ်စေ ငွေကြေး၊ ပစ္စည်းစသည်ဖြင့် အကူအညီများယူကောင်း ယူမိပေလိမ့်မည်။ ထိုအကူအညီများကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားသင့်ပေသည်။ မိမိသည် တစ်ချိန်ချိန်တွင် ပေးသူဖြစ်အောင် ကြိုးစားမည်ဆိုသောအသိကို နှလုံးသွင်းသင့်ပေသည်။ အမြဲတမ်းယူနေမည်၊ တောင်းနေမည်ဆိုသော အသိကို စွဲမြဲနေမည်ဆိုပါက တစ်သက်လုံး အယူသမားသက်သက် ဖြစ်သွားနိုင်သည်။

မြန်မာနိုင်ငံတွင် အလှူအတန်း၊ အပေးအကမ်း၊ အထောက်အပံ့၊ အကူအညီပေးသူများပေါများ၏။ ပညာရေးအတွက် အထောက်အပံ့ပေးသည်၊ ကျန်းမာရေးအတွက် အထောက်အပံ့ပေးသည်၊ လူမှုရေး၊ စီးပွားရေးအတွက် အထောက်အပံ့ပေးသည် စသည်ဖြင့် အထောက်အပံ့ အကူအညီအမျိုးမျိုး ပေးနေကြသည်။

မကြာမီက မြန်မာနိုင်ငံ၌ ကျောင်းဖွင့်ရာသီတွင် ပညာရေးအတွက် ထောက်ပံ့လှူဒါန်းပွဲများ နေရာဒေသအများအပြား၌ ကျင်းပခဲ့သည်။ ပညာဒါနပြုလိုသူများက ငွေကြေးအထောက်အပံ့၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ကျောင်းဝတ်စုံစသည်ဖြင့် ထောက်ပံ့လှူဒါန်းပေးခဲ့ကြသည်။ ထိုလှူဒါန်းသူများအနက် နှစ်စဉ် နှစ်တိုင်း ချို့တဲ့ကျောင်းသားကျောင်းသူများအား ငွေကြေးထောက်ပံ့ပေးနေသော ပုဂ္ဂိုလ်တစ်ဦးက ပြောသော စကားတစ်ခွန်းမှတ်သားမိ၏။

**ထိုစကားမှာ** ''ပညာရေးအတွက် အလှူလုပ်နေတာ ကိုယ်ချမ်းသာလို့လှူနေတာမဟုတ်ပါဘူး၊ မြန်မာနိုင်ငံမှာ ပညာတတ်တွေပေါစေချင်တယ်၊ ထောက်ပံ့ပေးလိုက်တဲ့ ကလေးတွေကို မှာလိုတာတစ်ခုရှိတယ်၊ ကိုယ်က အခြေအနေကြောင့် သူများရဲ့အထောက်အပံ့ယူရတယ်၊ တစ်ချိန်မှာ သူများကိုကူညီပေးနိုင်တဲ့သူဖြစ်အောင် ကြိုးစားဖို့လိုတယ်''ဟု ပြောကြားသည်ကို မှတ်သားခဲ့ရသည်။

ဤစကားသည် အလွန်မှန်၏။ ကိုယ်ကအခြေအနေတစ်ခုခုကြောင့်သာ သူတစ်ပါး၏ အထောက်အပံ့ကို လက်ခံသူဖြစ်နေရသည်။ တစ်ချိန်တွင် ယူသူက ပေးသူဖြစ်အောင် ပြန်လည်ကြိုးစားအားထုတ်သင့်၏။ အမြဲတစေယူသူအဖြစ်နှင့် ဘဝကို နိဂုံးမချုပ်သင့်ပေ။ လက်ခံရယူသူက ပေးသူ၏စေတနာကို အလေးထားသည့်အနေဖြင့် လည်းကောင်း၊ တစ်နည်းအားဖြင့်ဆိုရသော် ပေးသူ၏ မျှော်လင့်ချက်ကို ပေးဆပ်သည့်အနေဖြင့်လည်းကောင်း၊ နောက်တစ်ချက်မှာ မိမိဘဝတိုးတက်စေရေးအတွက်လည်းကောင်း ကြိုးစားကြရန်လိုအပ်သည်။ ထိုသို့ မိမိဘဝတိုးတက်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာသောအခါ တစ်ချိန်က မိမိကဲ့သို့ပင် ချို့တဲ့သူကို ပြန်လည်ကူညီခြင်းဖြင့် ပေးဆပ်သူနေရာတွင် ပြောင်းလဲအစားထိုး နေရာယူသင့်သည်။

ထို့ကြောင့် ပညာရေးအတွက် အကူအညီယူသည်ဖြစ်စေ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတစ်ခုခုအတွက် အကူအညီယူသည်ဖြစ်စေ တစ်ချိန်တွင် ယူသူမှပေးသူဖြစ်အောင် ကြိုးစားသင့်ပေသည်။ သို့မှသာ ပေးဆပ်သူများပေါများလာပြီး လူ့ဘောင်လောကသည်လည်း သာယာဝပြောလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မျိုးသန့်စပါးပံ့ပိုးငွေနှင့် ဓာတ်မြေသြဇာများ ဖျာပုံမြို့နယ်၌ တောင်သူကြီးများအားပေးအပ်

**ဖျာပုံ ဇွန် ၃**

ဖျာပုံမြို့နယ် ရောဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ တောင်သူဦးကြီးများထံသို့ စတုတ္ထအကြိမ်မြောက် ၂၀၁၂-၂၀၁၃ မိုးစပါးရာသီအတွက် မျိုးသန့်စပါးပံ့ပိုးငွေနှင့် ဓာတ်မြေသြဇာများပေးအပ်ခြင်း အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉နာရီက ဖျာပုံမြို့ ချမ်းမြေ့စံညွှဲရိပ်သာခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ ရောဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ခရိုင်မန်နေဂျာ ဦးမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်၊ ရောဝတီ စိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဘဟိန်းတို့က တောင်သူဦးကြီးများသို့ ပံ့ပိုးမှုများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ရောဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးမြင့်သိန်းက တောင်သူလယ်သမား ၅၄၅ ဦးအတွက် ပံ့ပိုးငွေနှင့် ဓာတ်မြေသြဇာများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(စိုက်ပျိုးရေး)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးသင်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ဖွင့်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့များ၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းဆိုင်ရာသင်တန်းကို မေ ၃၀ ရက်က အထက(၁) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးမြင့်ကြိုင်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်မေသူအောင်၊ World Vision (မြန်မာ)မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါ်အေးအေး၊ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်နည်းပညာ တာဝန်ခံ ဦးမျိုးမြင့်ထွန်းနှင့် လုပ်ငန်းညှိနှိုင်းရေးမှူး ဦးစောတင်ဦးတို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကာကွယ်ရေးဆိုင်ရာ ဥပဒေများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုနှင့် အတွေ့အကြုံများကို ဆွေးနွေးပို့ချကြသည်။

### တက်ရောက်

သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ပြီး ရပ်ကွက်(၂၀) မှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အပါအဝင် သင်တန်းသား ၁၈၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၇)**





# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ဟောပြော

**လှိုင်လင် ဇွန် ၃**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(လှိုင်လင်)၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၀ ရက်က ခရိုင်ရုံး (လှိုင်လင်) သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးချစ်တင်နှင့် စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောကြသည်။ ဟောပြောပွဲသို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကညန)**

# ရေးမြို့ ပြည်သူ့ဆေးရုံသို့လူနာတင်ယာဉ်များ ပေးအပ်လှူဒါန်း

**ရေး ဇွန် ၃**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အများပြည်သူများ သွားလာအသုံးပြုမှု လွယ်ကူစေရန်အတွက် ရေးမြို့ ပြည်သူ့ဆေးရုံသို့ လူနာတင်ယာဉ်သုံးစီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၇ နာရီခွဲက ရေးမြို့ ပြည်သူ့ဆေးရုံ ရှင်းလင်းဆောင်၌ကျင်းပရာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးနိုင်လဝီအောင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းဟန်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အလှူရှင်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အလှူရှင် ဦးသိန်းမြင့်-ဒေါ်လေးကြည် မိသားစု(ရေးမြို့)က လူနာတင်ယာဉ်တစ်စီးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဘီလပ်မြေအိတ် ၁၀၀၀၊ အလှူရှင် ဦးရှိန်ဝင်း-ဒေါ်အေးရွှေ မိသားစု (ရေးမြို့)က လူနာတင်ယာဉ် တစ်စီး၊ အခြားအလှူရှင်တစ်ဦးက လူနာတင်ယာဉ် တစ်စီးတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များအား ပြန်လည်ပေးအပ်ခဲ့ပြီးနောက် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရှိရသည်။ **နေမျိုးထွဋ်(ရေး)**



# မိုးရာသီသစ်ပင်စိုက်ပျိုးရန် ကြို့ပင်ကောက်၌ မြေပြုပြင်

**ကြို့ပင်ကောက် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် မေ ၂၆ ရက်နှင့် ၂၇ ရက်က ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဥယျာဉ်ကြီးကျေးရွာ၊ ကုန်းရွာနှင့် သင်ခရိုင်ကျေးရွာများသို့ ကွင်းဆင်း၍ ၂၀၁၂ ခုနှစ် မိုးရာသီတွင် ကျေးရွာပိုင် သစ်တောစိုက်ခင်းများနှင့် အိမ်ထောင်စုအလိုက် ဖြန့်ဝေပေးမည့် ကျွန်းပင်နှင့် သစ်မာပျိုးပင်များ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်မြေပြုပြင်မှုလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာလူမှုရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၁၁)**

# စဥ့်ကူးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**စဥ့်ကူး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀နာရီက စဥ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းကအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စန်းနှင့် တာဝန်ရှိသူတို့က အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများနှင့် ထောက်ပံ့ရန်လိုအပ်သော အလယ်တန်း ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များပေးအပ်ပြီးနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူတို့သည် အတန်းလိုက် ကျောင်းသားလက်ခံ ကျောင်းအပ်နှံနေသည်များကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ **(၄၃၃)**

# ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသစ် ပူတာအိုး၌ဖွင့်

**ပူတာအို ဇွန် ၃**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လန်းတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါရုံးသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဆန်ဒေါင်းဖီတန်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်လှစ်ရခြင်းနှင့် ကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်ဇီးဒီးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးအောင်က စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် ဇွန် ၃**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ BKB Consortium မှ Chairman Mr. Chung Si-Woo၊ Korea Western Power Co., Ltd. မှ General Manager Mr. An Young Tae နှင့် Hyundai Engineering & Construction Co.,Ltd.မှ Senior Vice - President Mr. Myung-Hyun Cho နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး **(အပေါ်ဓာတ်ပုံ)** မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် သာကေတမြို့နယ်၌ ၅၀၀ မဂ္ဂါဝပ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအမြန် တည်ဆောက်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ BKB Consortium၊ မြန်မာနိုင်ငံမှ Hexa International Co., Ltd. တို့ပူးပေါင်း၍ BOT / JV စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement -MOA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါစီမံကိန်းတွင် Gas Turbine နှစ်လုံး၊ Head Recovery Stream Generator နှစ်လုံး၊ Stream Turbine တစ်လုံး ပါဝင်ပြီး ယင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၀၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်၍ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျော့ဖုံးမှ**

ယင်း ရေငုပ်သင်္ဘောကို ပစိဖိတ်သမုဒ္ဒရာရေအနက်ဆုံးနေရာ ရေပြင်သို့ အဏ္ဏဝါဗေဒသုတေသန သင်္ဘောက သယ်ဆောင်သွားခြင်းဖြစ်သည်။ အဆိုပါ ရေငုပ်သင်္ဘောမှာ ကမ္ဘာ့ပထမဆုံးရေအနက်ဆုံးနေရာသို့ လူလိုက်ပါမောင်းနှင်မည့် ရေငုပ်သင်္ဘောတစ်စင်း ဖြစ်လာမည်ဖြစ်သည်။ ၎င်းသင်္ဘောမှာ ပြီးခဲ့သည့် နွေရာသီက ပင်လယ်ရေအနက် ၅၁၈၈ မီတာအနက်အထိ မောင်းနှင်သွားလာနိုင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ယခင်က အမေရိကန်၊ ပြင်သစ်၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့က လူလိုက်ပါသည့် ရေငုပ်သင်္ဘောကို ပင်လယ်ရေအနက် မီတာ ၃၅၀၀အထိ မောင်းနှင်နိုင်ခဲ့ရာ တရုတ်နိုင်ငံက ယခုအခါ ယင်းရေအနက်ထက် ပိုမိုမောင်းနှင်နိုင်ခဲ့ပြီဖြစ်သည်။ ယခု ရေအနက်မီတာ ၇၀၀၀ အထိ မောင်းနှင်နိုင်ခဲ့ပါက တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ပင်လယ်ရေအနက်ဆုံး၌ မောင်းနှင်နိုင်သည့် ရေငုပ်သင်္ဘော ပြုလုပ်နိုင်သော နိုင်ငံဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

# ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ၂/၂၀၁၂ ကျင်းပ

**နေပြည်တော် ဇွန် ၃**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ၂/၂၀၁၂ ကို ဇွန် ၁ရက် နံနက် ၁၀နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ကြသည်။

**အတည်ပြု**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ခရိုင်ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးကြပြီး ဟားခါးခရိုင်သစ်ကို ဟားခါး၊ ထန်တလန်မြို့နယ်များဖြင့် လည်းကောင်း၊ ဖလမ်းခရိုင်ကို ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များဖြင့် လည်းကောင်း ဖွဲ့စည်းရန် အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက မင်းတပ်ခရိုင် ပလက်ဝမြို့နယ် ဆမီးကျေးရွာအုပ်စုအား မြို့နယ်ခွဲအဖြစ် တိုးမြှင့်ဖွဲ့စည်းရေး အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၅ ဦးက ဆွေးနွေးကြပြီး မြို့နယ်ခွဲအဖြစ် တိုးမြှင့်ဖွဲ့စည်းရန် အတည်ပြုဆုံးဖြတ်သည်။ ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးရမ်မန်းက ပြည်နယ်/ခရိုင်/မြို့နယ်များ၏ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီစာရင်းကို အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ဆွေးနွေးပြီး အတည်ပြုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ၂/၂၀၁၂ ကျင်းပစဉ်။ (သတင်းစဉ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဇွန် ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းသည် မေ ၂၉ရက်တွင် လှိုင်းဘွဲ့မြို့အဝင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ယာယီဆောက်လုပ်ထားသည့် သံပေါင်ဘေလီတံတားတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

**အမှာစကားပြောကြား**

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၃၁ ရက်တွင် ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့ ပညာရေးကောလိပ်၌ ကျင်းပသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာ သင်တန်းအမှတ်စဉ်(၉/၂၀၁၂) အထောက်အကူပြု သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့်ဆရာ ဆရာမများအတွက် ဆန်၊ အာလူး၊ ကြက်သွန်၊ ပဲဝါခြမ်းနှင့်ငါးပိတို့ကို ပေးအပ်ထောက်ပံ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပိုင်ကျုံမြို့နယ်ခွဲ စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပိုင်ကျုံမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာ ဆက်စပ်ပစ္စည်းတစ်စုံ၊ ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် SKY NET တစ်စုံ၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံးအတွက် SKY NET တစ်စုံ၊ ပိုင်ကျုံမြို့ ပရဟိတဘုန်းတော်ကြီးကျောင်းအတွက် SKY NET တစ်စုံနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများအတွက် ကြက်သွန်၊ ကြက်ဥများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် နှစ်ရှည်စားပင်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာအုပ်စာစောင်ပြပွဲ တပ်ကုန်းမြို့၌ ကျင်းပ

**တပ်ကုန်း ဇွန် ၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်အသိပညာဗဟုသုတ တိုးပွားစေရေးကို အထောက်အကူပြုပြီး ၎င်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရန် စာအုပ်စာစောင်ပြပွဲကို မေ ၂၄ ရက်မှ ၂၅ ရက်နေ့အထိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

**တက်ရောက်**

စာအုပ်စာစောင်ပြပွဲအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင့်တင့်ခိုင်နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အဆိုပါ စာအုပ်စာစောင်ပြပွဲသို့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စာဖတ်ဝါသနာရှင်များ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ (သို့မဟုတ်) ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။

၃။ လမ်းဖြောင့်များတွင် ယာဉ်ကို အရှိန်မြှင့်မောင်းနှင်သဖြင့် ယာဉ်တိမ်းမှောက်မှုများမှာ လမ်းဖြောင့်တွင် အဖြစ်များသည်။

၄။ ယာဉ်မောင်းများ အရက်သေစာ/မူးယစ်ဆေးဝါးများ သုံးစွဲ၍ မောင်းနှင်ခြင်း မပြုရ။

၅။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူ အိပ်မငိုက်ရ။ (လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့်စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်က များပါသည်။)

၆။ **မော်တော်ယာဉ် ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ကောင်းမွန်ရမည်-**

(က) မော်တော်ယာဉ်အောက်ပိုင်း တိုက်ရော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများ ကောင်းမွန်ရမည်။ (တိုက်ဆွေးနှင့် သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြုရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ/ရောင်ပြန်များ ကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက် အချက်ပြမီး)

၇။ မိုးရွာသည့်အချိန်တွင် ယာဉ်ကို အရှိန်လျှော့၍ မောင်းနှင်ရမည်။

၈။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သောအန္တရာယ်ကို အထူးသတိထား၍ မောင်းနှင်ရမည်။ (ဥပမာ- ရှေ့တွင် ရပ်ထားသည့်ယာဉ်၊ ဖြတ်သန်းသွားသည့်လူ/ ကျွဲနွားတိရစ္ဆာန်၊ ရေအိုင်)

၉။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင်ကျော်တက်ခြင်း မပြုရ။

၁၀။ သတ်မှတ်ထားသောလမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီးလမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရမည်။

**မှတ်ချက်။** ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားပါက အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကူအညီတောင်းခံရယူနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | အမှတ်(၃)လမ်းဆုံ တိုးလ်ဂိတ် | ၀၁-၆၂၉၉၄၉၊ ၀၉-၈၆၅၁၄၆၁ |
| (၂) | ဖြူးတိုးလ်ဂိတ် | ၀၉-၆၃၀၇၁၆၅၊ ၀၉-၆၃၀၇၁၆၄ |
| (၃) | စီလမ်းဆုံတိုးလ်ဂိတ် | ၀၆၇-၄၂၁၆၉၁ |
| (၄) | မိတ္ထီလာ (သီးကုန်း)တိုးလ်ဂိတ် | ၀၉-၈၆၅၁၄၆၂ |
| (၅) | မန္တလေး (စကားအင်း)တိုးလ်ဂိတ် | ၀၉-၄၉၃၂၅၈၇၆ |
| (၆) | ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး | ၀၆၇-၄၀၇၅၈၄ |
| (၇) | တာဝန်မှူး၊ ဝန်ကြီးရုံး | ၀၉-၄၉၂၀၁၈၇၈ |
| (၈) | တာဝန်မှူးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ၀၆၇-၄၀၇၃၅၉ |

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## မြန်မာ့အလင်း ဘဝအမောပြေ

## ရှိသေးရဲ့လား

## အာကာဟိန်း - ရေးသားသည်

**ပစ္စည်းဥစ္စာအလွန်ခံ့မင်သော သူဌေးကြီးတစ်ဦးသည် လန်ဒန်မြို့လယ်၌သူ၏ အဖိုးတန်ကားကြီးပေါ်မှ တံခါးဖွင့်ပြီး အဆင်းတွင် နောက်ကားတစ်စီးက ဝင်တိုက်မိရာ ယာဉ်ထိန်းရဲ အပြေးရောက်လာသည်။**

**ယာဉ်ထိန်းရဲ ။ ။ သတိထားပါအန်ကယ်။**

သူဌေးကြီး ။ ။ ငါ့ရဲ့ကားတံခါး ပျက်စီးသွားပြီကွာ။

**ယာဉ်ထိန်းရဲ ။ ။ ဒါကအရေးမကြီးဘူးအန်ကယ်။**

သူဌေးကြီး ။ ။ အရေးကြီးတယ်။ ဒီကားကဈေးအလွန်ကြီးတဲ့ကားကွ။

**ယာဉ်ထိန်းရဲ ။ ။ ဟုတ်ပါတယ်…အဲဒါထက်အရေးကြီးတာက အန်ကယ်ရဲ့ ဘယ်ဘက်လက်တစ်ဖက် မရှိတော့ဘူး။ ကားတိုက်မိသွားတာ…**

သူဌေးကြီး ။ ။ ဟာ. . . ဟုတ်ပါရဲ့၊ အား. . . နာလိုက်တာ။

**ယာဉ်ထိန်းရဲ ။ ။ အရေးပေါ်လူနာတင်ကားကို ဖုန်းဆက်ခေါ်ထားတယ်။ အားတင်းထားပါ အန်ကယ်။**

သူဌေးကြီး ။ ။ ဒါထက်. . . ပြုတ်ထွက်သွားတဲ့ လက်တစ်ဖက်မှာ ငါ့ရဲ့ရိုးလက်စ်နာရီကော ရှိသေးရဲ့လား. . . ။

**ယာဉ်ထိန်းရဲ ။ ။ "ဗျာ"**

မိုးမြင့်လင်းလက် — စုစည်းသည်



## ကမ္ဘာ့အမြင့်ဆုံးစာရင်းဝင် တောင်အသစ်သုံးလုံးထပ်မံတွေ့ရှိ

**လန်ကျိ. ဇွန် ၃**

ကမ္ဘာပေါ်တွင်အမြင့်ဆုံးတောင်များစာရင်းတွင် ထည့်သွင်းရမည့် တောင်အသစ်သုံးလုံးကို တရုတ်သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ တောင်အသစ်သုံးလုံးအနက် တစ်လုံးမှာ နီပေါနိုင်ငံတွင်ရှိသော အင်နာပူနာ အမည်ရှိ တောင်ဖြစ်ပြီး အမြင့်မှာ ၈၀၁၃ မီတာရှိသည့်တောင်ဖြစ်သည်။ **(အပေါ်ပုံ)**ဒုတိယတောင်မှာ တရုတ်နိုင်ငံ နယ်စပ်တွင်ရှိသော မောင့်စင်တာအမည်ရှိ အမြင့် ၈၀၁၁ မီတာရှိသောတောင် ဖြစ်သည်၊

**မီးတောင်**

တတိယတောင်မှာ တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသော အမြင့် ၈၀၀၈ မီတာရှိသည့် စီစီယာဘန်မာအမည်ရှိ မီးတောင်ဖြစ်သည်ဟု တရုတ်သုတေသနပညာရှင် မိုင်ဒီရှန်က ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် ကမ္ဘာပေါ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ ၈၀၀၀ ကျော်၌ရှိသော တောင် ၁၇ လုံး၏ ဓာတ်ပုံနှင့် မြေပုံများကို အချက်အလက်ပြည့်စုံစွာဖြင့် ပြုစုလျက်ရှိသည်။ ထိုသို့ပြုစုပြီးပါက ကမ္ဘာပေါ်ရှိ မီတာ ၈၀၀၀ ကျော်အမြင့်ရှိသော နှင်းဖုံးတောင်များ အမည်ဖြင့် စာအုပ်ထုတ်ဝေမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မီတာ ၈၀၀၀ ကျော်မြင့်သော ကမ္ဘာ့အမြင့်ဆုံးတောင်များမှာ ယခင်က ၁၄ လုံးသာရှိခဲ့ရာ ယခုထပ်မံတွေ့ရှိရသည့် တောင်အသစ်သုံးလုံးဖြင့်ဆိုလျှင် စုစုပေါင်းတောင် ၁၇ လုံး ရှိလာမည်ဖြစ်သည်။ **(အင်တာနက်)**

## ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ အကြီးဆုံးရှော့ပင်းမောတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား




**တိုရွန်တို ဇွန် ၃**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ အကြီးဆုံးရှော့ပင်းမောတစ်ခုတွင် ဇွန် ၃ ရက် နံနက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဈေးဝယ်သူအများအပြား ဝရုန်းသုန်းကား ထွက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဖြစ်ပွားမှုမှာ တိုရွန်တိုမြို့ရှိ တိုရွန်တိုအာတန်အမည်ရှိ ရှော့ပင်းမော၏ အစားအသောက်ကုန်ပစ္စည်းများရောင်းချရာနေရာတွင် အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

သေနတ်ဖြင့်ပစ်ခတ်ခံရသည့်သူများတွင် အသက် ၁၃ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတို့မှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် ဆေးရုံသို့အမြန်တင်ပို့ပေးထားသည်။ ရဲတပ်ဖွဲ့ဝင်များမှာ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် နာရီအနည်းငယ်ကြာမှသာ ရောက်ရှိလာကြသည်။ သေနတ်သမားကို ဖမ်းမိခြင်းမရှိကြောင်း၊ သေနတ်ပစ်ခတ်သံ (၁၂)ချက်မျှ ကြားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များက ၎င်းရှော့ပင်းမောတွင် တပ်ဆင်ထားသော ဗီဒီယိုမှတ်တမ်းတင်ထားမှုများကို စစ်ဆေးလျက်ရှိပြီး မျက်မြင်တွေ့ရှိသူများအား မေးမြန်းစုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**

## ဖိလစ်ပိုင်ရေတပ် လေ့ကျင့်မှုများပြုလုပ်



**မနီလာ ဇွန် ၃**

ဖိလစ်ပိုင်ရေတပ်က မင်ဒါနာအိုရေပြင်တွင် စစ်ရေးလေ့ကျင့်မှုကို ဇွန် ၂ ရက်မှ စတင်ကာ ပြုလုပ်လျက်ရှိကြောင်း ဖိလစ်ပိုင်စစ်ဘက်က ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်ရေတပ်အတွက် ယခုစစ်ရေးလေ့ကျင့်မှုသည် ၂၀၁၂ ခုနှစ်အတွက် ပထမဆုံးအကြိမ်ဖြစ်သည်။ ထိုသို့လေ့ကျင့်မှုပြုလုပ်ရာတွင် ပင်လယ်ပြင်၌ သဘာဝဘေးဒဏ်မှ ကယ်ဆယ်ရေးနှင့် ကာကွယ်ရေးလေ့ကျင့်မှုများလည်းပါဝင်သည်။ ရေတပ်သင်္ဘောများလေ့ကျင့်ရာတွင် **(ဝဲပုံ)**ရေတပ်တပ်ဖွဲ့ဝင် ၂၈၀ အပါအဝင် စစ်ရေယာဉ်တစ်စင်းနှင့် လေ့ကျင့်ရေးသင်္ဘောနှစ်စင်းတို့ ပါဝင်သည်။ ထို့အပြင် ဖိလစ်ပိုင်ရေတပ် သုတေသနဌာနမှတပ်ဖွဲ့ဝင် ၁၂၇ ဦးတို့လည်း ပါဝင်လေ့ကျင့်မှုပြုလုပ်ကြသည်။ ထိုသို့လေ့ကျင့်ရာတွင် ပင်လယ်ဓားပြရန်မှ ကာကွယ်ရေး၊ အပိုင်စီးခံထားရသောသင်္ဘောများ ပြန်လည်လွတ်မြောက်ရေးအတွက်လည်း လေ့ကျင့်မှုများပြုလုပ်ကြသည်။ ထို့ကြောင့်ယခုလေ့ကျင့်မှုတွင် ရေပြင်ပိုင်နက်လုံခြုံရေး၊ လူသားချင်းရိုင်းပင်းကူညီစောင့်ရှောက်ရေး၊ သဘာဝဘေးမှကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး၊ အခြားအရေးပေါ်ကိစ္စရပ်များ ဖြေရှင်းရေးတို့အတွက် ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

## တရုတ်နိုင်ငံ ဟူဘေပြည်နယ်၌ ရှေးအုတ်ဖုတ်မီးဖိုများတူးဖော်တွေ့ရှိ



**ပေကျင်း ဇွန် ၃**

တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေပြည်နယ် ဇင်တိုက်မြို့မှ တရုတ်ပြည် ဆုအိမင်းဆက် (၅၈၁-၆၁၈) ခုနှစ်နှင့် တန်မင်းဆက်(၆၁၈-၉၀၇) ခုနှစ်များ လက်ထက်က အုတ်ဖုတ်မီးဖိုခြောက်ခုကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ဟူဘေပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ဌာန ရှေးဟောင်းသုတေသနပညာရှင် ဝမ်ဟွေမင်၏ပြောကြားချက်အရ ရှေးအုတ်ဖုတ်မီးဖိုကြီးသုံးခု၏ထိပ်ပိုင်းများကို ပထမဆုံး တူးဖော်တွေ့ရှိ ခြင်းဖြစ်သည်။

အဆိုပါ အုတ်ဖုတ်မီးဖိုကြီးများအနီးမှ အခြားရှေးဟောင်းပစ္စည်းများကိုပါ တွေ့ရှိရသည်ဟု ဆိုသည်။ **(အင်တာနက်)**

## ဂါဇာကမ်းမြောင်နယ်စပ်၌ ပစ်ခတ်မှု အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် ပါလက်စတိုင်းတစ်ဦးသေဆုံး

***ဂျေရုဆလင် ဇွန် ၃***

*ဂါဇာကမ်းမြောင်တောင်ပိုင်း နယ်စပ်တစ်လျှောက်တွင် ဇွန် ၁ ရက် နံနက်က အစ္စရေးတပ်နှင့် ပါလက်စတိုင်းသေနတ်သမားတို့ အပြန်အလှန်ပစ်ခတ်ရာတွင် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အစ္စရေးစစ်ဘက်ကပြောကြားသည်။*

*ဂါဇာကမ်းမြောင်တောင်ပိုင်းမှ အစ္စရေးနိုင်ငံအတွင်းဝင်လာသည့် အကြမ်းဖက်သမားတစ်ဦးက အစ္စရေးတပ်ဖွဲ့ဝင်များအား တုံ့ပြန်ပစ်ခတ်ခြင်းဖြစ်သည်ဆို၏။*

*ထိုသို့ အပြန်အလှန်ပစ်ခတ်စဉ်တွင် အကြမ်းဖက်သမားလည်း သေဆုံးသွားကြောင်း အစ္စရေးစစ်တပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။* ***(အင်တာနက်)***

## ဆူဒန်ဒုက္ခသည် ၂၀၀၀၀ တောင်ဆူဒန်သို့ ထွက်ပြေး

**ဂျီနီဗာ ဇွန် ၃**

ဆူဒန်နိုင်ငံ ဘလူးနိုင်းပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တအနည်းငယ်က တိုက်ပွဲများဖြစ်ပွားသည့်အတွက် ဆူဒန်နှင့် တောင်ဆူဒန်နယ်စပ်ဒေသများသို့ဒုက္ခသည် ၂၀၀၀၀ခန့်ထွက်ပြေးခဲ့ကြကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဇွန် ၁ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ဘလူးနိုင်းပြည်နယ် မြောက်ပိုင်းတွင် ဆူဒန်တပ်များနှင့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်များအကြား တိုက်ပွဲဖြစ်ပွားသဖြင့် နယ်စပ်သို့ရောက်ရှိလာသူများ ၂၀၀၀၀ရှိပြီဖြစ်ကြောင်း သိရသည်။

တောင်ဆူဒန်နိုင်ငံသို့ သွားနေသည့်သူ ၄၀၀၀၀ အထိ ရှိမည်ဖြစ်ကြောင်း အထောက်အထားများက ပြသနေပြီး တောင်ဆူဒန်ရှိ ဒုက္ခသည်စခန်းများမှာလည်း ဒုက္ခသည်များဖြင့် ပြည့်ကျပ်နေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၃-၆-၂၀၁၂

တင်မောင်လွင် — စုစည်းသည်




### ကမ္ဘာတစ်ဝန်း၌ ဂလက်ဆီစမတ်ဖုန်းများ စံချိန်တင်ရောင်းချနိုင်

*ဂလက်ဆီ (Galaxy) တံဆိပ်ဖုန်းများ ဝယ်လိုအားမြင့်မားလာမှုကြောင့် ကမ္ဘာတစ်ဝန်း ဂလက်ဆီစမတ်ဖုန်းအရေအတွက်ရောင်းချရမှုမှာ သန်း ၅၀ ကျော်ရှိခဲ့ကာ ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း ကမ္ဘာ့အကြီးဆုံး မိုဘိုင်းလ်ဖုန်းထုတ်လုပ်သည့် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီက ဇွန် ၃ ရက်တွင် ပြောကြားသည်။ စမတ်ဖုန်းဟုလူသိများသော ဆမ်ဆောင်းမှထုတ်လုပ်သည့် Galaxy S2 ဖုန်းများ၏ ရောင်းချမှုမှာ ကမ္ဘာတစ်ဝန်း ပိုမိုများပြားလာပြီး ယခုလောလောဆယ်၌ အလုံးပေါင်း ၂၈ သန်းကျော် လွန်ခဲ့ကြောင်း၊ Galaxy S ဖုန်းများမှာ အလုံးရေ ၂၄ သန်းကျော်ရောင်းချခဲ့ရကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်သည့် အီးမေးလ်ဖော်ပြချက်တစ်ရပ်တွင် ပါရှိသည်။ Galaxy S2 ဖုန်းများသည် စတင်ပွဲထုတ်ပြသပြီး ၁၃ လခန့်ကြာပြီးနောက် အလုံးရေ ၂၈ သန်းကျော် ရောင်းချနိုင်ခဲ့မှုကြောင့် နည်းပညာလုပ်ငန်း၏သမိုင်းတွင် အမြန်ဆုံးရောင်းအားကောင်းသည့်စံချိန်ကို တင်ခဲ့သည်။ Galaxy S ဖုန်းများသည် ၎င်းစတင်ပွဲထုတ်ပြီး နှစ်နှစ်ခန့်အကြာတွင် အလုံးရေ ၂၄ သန်းကို စမတ်ဖုန်းဈေးကွက်၌ ပုံမှန်ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါ ဆမ်ဆောင်းကုမ္ပဏီမှ ပြောကြားသည်။* ***(အပေါ်ပုံ)***

### ဘိုရင်း 727-200 ကုန်တင်လေယာဉ်ဆင်းသက်စဉ် ကားနှင့်တိုက်မိ၊ ၁၀ဦးသေဆုံး

***ဂါနာနိုင်ငံ၏ မြို့တော်အက်ယာတွင် ဇွန် ၂ရက် ညနေက ကုန်တင်လေယာဉ်တစ်စင်း ဆင်းသက်စဉ် ခရီးသည်အပြည့်တင်ဆောင်လာသော မီနီဘတ်စ်ကားတစ်စီးကို ဝင်တိုက်မိခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။ အဆိုပါလေယာဉ်သည် ကိုတိုကာ လေဆိပ်၌ ဆင်းသက်ရန် ကြိုးစားချိန်တွင် ယင်းလေဆိပ်မှ ၁၀ ကီလိုမီတာအကွာရှိ အီဝပ်အားကစားကွင်း အပြင်ဘက်ရှိ မီနီဘတ်စ်ကားတစ်စီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းထောက်များက ပြောကြားခဲ့သည်။ အလိုင်းအဲကုန်တင်လေကြောင်းမှ ဘိုရင်း ၇၂၇-၂၀၀ အမည်ရှိ အဆိုပါ လေယာဉ်သည် နိုင်ဂျီးရီးယားကုမ္ပဏီပိုင်ဖြစ်ပြီး နိုင်ဂျီးရီးယားနိုင်ငံ လားဂို့စ်မြို့မှ ဂါနာနိုင်ငံ အက်ယာမြို့သို့ ပျံသန်းပြေးဆွဲပြီး ယင်းနေ့ညနေ ၇နာရီ ၁၀မိနစ်က ကိုတိုကာလေဆိပ်သို့ ဆင်းသက်ရန်ကြိုးစားစဉ် ထိုသို့တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသည့် အမှုထမ်းလေးဦးမှာ အသက်ရှင်ကျန်ရစ်ပြီး ၎င်းတို့အား လေဆိပ်အထူးကုဆေးခန်းသို့ အရေးပေါ်ပို့ပေးထားကြောင်း ဂါနာလေဆိပ် အလုပ်အမှုဆောင် ဒိုရန်အိုဂူစူဖီအန်ကိုက ပြောကြားခဲ့သည်။ ယင်းလေယာဉ်နှင့် မီနီဘတ်စ်ကားတို့ တိုက်မှုဖြစ်ပွားပြီးနောက် ခရီးသည် ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။*** *(အင်တာနက်)*

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်တို့၏ စိတ်ဝင်စားဖွယ်ရာ မော်စကိုဆွေးနွေးပွဲ

**အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့်အတူ ဂျာမနီနိုင်ငံပါဝင်သော ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်တို့၏ နောက်ဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည့် အီရတ်နိုင်ငံအား ကျေးဇူးတင်ကြောင်း အီရန်သမ္မတ မာမွတ် အမာဒီနီဂျက်က ဇွန် ၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။**



အီရန် သမ္မတ အမာဒီနီဂျက်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံ(ပီ ၅+၁)နှင့် အီရန်တို့သည် အီရန်နျူကလီးယား အရေးကို အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ မေ ၂၃ ရက်နှင့် ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

ဘဂ္ဂဒက်ဆွေးနွေးပွဲသို့ အီရန်ကိုယ်စားလှယ်အဖွဲ့ကို အီရန်ဦးစီးအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာအစ်ဂျလီက ဦးဆောင်တက်ရောက်ပြီး လုံခြုံရေး ကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးဦးနှင့် ဂျာမနီကိုယ်စားလှယ်အဖွဲ့ကို ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒရေးရာအကြီးအကဲ ကက်သရင်းအက်တွန်က ဦးဆောင်တက်ရောက်သည်။ နှစ်ဖက်စလုံးက ရုရှားနိုင်ငံ မော်စကို၌ ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တွင် နောက်ထပ် တွေ့ဆုံဆွေးနွေးကြရန် သဘောတူညီလိုက်ကြသည်။ အဆိုပါ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်တို့သည် ယခင်ကလည်း သုံးကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ကြဖူးသည်။

ယင်းသုံးကြိမ်မှာ ဂျီနီဗာ၌ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလက တစ်ကြိမ်၊ အစ္စတန်ဘူလ်မြို့၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီလက တစ်ကြိမ်နှင့် ၂၀၁၂ ခုနှစ် ဧပြီလက အစ္စတန်ဘူလ်၌ နောက်တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ဖြစ်သည်။

### လက်ခံ

အီရတ်နိုင်ငံ၌ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သည့် အစိုးရရှိပြီးနောက် အီရတ်သည် ဒေသတွင်းနှင့်နိုင်ငံတကာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာကြောင်း၊ ဘဂ္ဂဒက်ဆွေးနွေးပွဲကို လက်ခံကျင်းပပေးသည့်အတွက် ကျေးဇူးတင်ကြောင်း အီရန်သမ္မတ အမာဒီနီဂျက်က အီရတ်သမ္မတနှင့်ဝန်ကြီးချုပ်တို့ထံ သီးခြားစီ သဝဏ်လွှာပါးလိုက်ခြင်းဖြစ်သည်။ အီရန်နိုင်ငံ၏ နိုင်ငံတကာ အဏုမြူ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ဆိုင်ရာအမြဲတမ်း ကိုယ်စားလှယ် အလီအက်ရှဂါဆိုတာနီကမူ အီရန်နှင့်အိုင်အေ အီးအေအကြား ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံအချို့က ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုရှိကြောင်း ပြောကြားကာ ပြစ်တင်ရှုတ်ချလိုက်သည်။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရန်နျူကလီးယားအရေး ဤသို့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အိုင်အေအီးအေအစည်းအဝေး မေ၃၀ ရက် သတင်းစာ ရှင်းလင်းပွဲအပြီးတွင် ၎င်းက ဗီယင်နာမြို့၌ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက "အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အငြင်းပွားမှုကို သံတမန်နည်းအရ မဖြေရှင်းနိုင်လျှင် အီရန်ကို စစ်ရေးအရတိုက်ရန် အမေရိကန်စစ်ဌာနချုပ်က အသင့်ပြင်ထားကြောင်း" မေ ၂၇ ရက် အေဘီစီ တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။

### တောင်းဆိုချက်

အီရန်အနေဖြင့် ယင်း၏ ယူရေနီယံ သန့်စင်မှုလုပ်ငန်းများကို ရပ်ရန် အနောက်အုပ်စု၏ တောင်းဆိုချက်ကို အီရန်အဏုမြူစွမ်းအင်အဖွဲ့ (အေအီးအိုအိုင်) ညွှန်ကြားရေးမှူး

တိုး ➢ ရေးသားသည်

အဘတ်က ပယ်ချပြီးနောက် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် မည်သူတစ်ဦးတစ်ယောက်ထံကမျှ မိမိတို့က ခွင့်ပြုချက်မတောင်းဆိုဟူ၍ ပြောကြားပြီး နောက်တစ်ရက်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးက အထက်ပါ အတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

### တိုက်တွန်း

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အီရန်နိုင်ငံအနေဖြင့် နောက်ထပ်ဆွေးနွေးပွဲမတိုင်မီ ခိုင်လုံသည့်လုပ်ရပ်လုပ်ပြရန် တိုက်တွန်းလိုက်သည်။ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံ (ပီ၅+၁)အနေဖြင့် အီရန်၏ ရည်ရွယ်ချက် သို့မဟုတ် ရိုးသားမှုကို သက်သေထင်ရှားပြရန် မရည်ရွယ်၊ သို့သော် ခိုင်လုံသော လုပ်ရပ်ကိုပြသရန်ဖြစ်ကြောင်း ဟီလာရီကလင်တန်က နော်ဝေနိုင်ငံ အော်စလိုမြို့၌ ဇွန် ၁ ရက်က ပြောကြားလိုက်သည်။ မော်စကိုမြို့၌ ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင်ပြုလုပ်မည့်နောက်ထပ်ဆွေးနွေးပွဲမတိုင်မီ အဆိုပါ လုပ်ရပ်ကို ပြသရန်ဖြစ်ကြောင်း အမေရိကန်က ပြောကြားလိုက်ခြင်းဖြစ်၏။

အီရန်သည် ၎င်း၏ နျူကလီးယား အစီအစဉ်တွင် နျူကလီးယားဗုံးထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဟု အမေရိကန်၊ အစ္စရေးနှင့်၎င်းတို့၏ မဟာမိတ်အချို့က စွပ်စွဲခဲ့သည်။ အမေရိကန်နှင့်ဥရောပသမဂ္ဂတို့က အီရန်အား တင်းကျပ်သော ပိတ်ပင်တားမြစ်မှုများ ပြဋ္ဌာန်းသည်။ အီရန်နိုင်ငံကမူ အနောက်အုပ်စု၏ စွပ်စွဲချက်များမဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။

အီရန်သည် နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ထိုးပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခွင့်ရှိသည်ဟူသော ရပ်တည်ချက်ကို ကိုင်စွဲသည်။

### ပြောကြား

အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ပိတ်ပင်အရေးယူမှုများမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး ထိုသို့သော အရေးယူမှုများကို ရုရှားက ဆန့်ကျင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒာလူကာရှဗစ်က မေ ၂၈ ရက်တွင် ပြောကြားထားသည်။ ရုရှားဗီတီဘီဘဏ် ဥက္ကဋ္ဌ အင်ဒရီ ကော့စတင်ကလည်း ဇွန် ၁ ရက်တွင် အလားတူပြောကြားခဲ့သည်။

### စိတ်ဝင်စား

ထိုသို့သော မယုံတစ်ဝက် ယုံတစ်ဝက် အခြေအနေတွင် အီရန်နျူကလီးယားအစီအစဉ်ဆိုင်ရာ ပီ၅+၁ နှင့်အီရန်တို့၏ လာမည့်မော်စကိုတွေ့ဆုံဆွေးနွေးပွဲသည် မည်သို့ဖြစ်လာမည်ဆိုခြင်းမှာ စိတ်ဝင်စားစရာပင် ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

**အီရတ်နိုင်ငံ၌ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သည့် အစိုးရရှိပြီးနောက် အီရတ်သည် ဒေသတွင်းနှင့် နိုင်ငံတကာတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လာ။**

နိုင်ငံတကာမျက်မှန် နိုင်ငံတကာမျက်မှန်

## ရုပ်ရှင်မင်းသားကြီး စတားလုန်းနှင့် ဒီနီရို ဇာတ်ကားသစ်ရိုက်ကူးမည်

**နယူးယောက် ဇွန် ၃**

ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး စတားလုန်းသည် Grudge Match အမည်ရှိ ဇာတ်ကားသစ်ကို ရိုက်ကူးမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားတွင် ယခင်က တွဲဖက်ညီခဲ့သော ရုပ်ရှင်မင်းသား ရောဘတ်ဒီနီရိုနှင့် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁ ရက်တွင် ၎င်းကပြောကြားသည်။



အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်သော ဟောလိဝုဒ် ရုပ်ရှင်မင်းသားကြီး စတားလုန်း။

စတားလုန်းနှင့် ရောဘတ်ဒီနီရိုတို့ နှစ်ဦးစလုံးသည် ဇာတ်ကြမ်းရုပ်ရှင်များ ရိုက်ကူးခြင်းမှ ရပ်နားထားခဲ့သူများဖြစ်သော်လည်း ယခုအခါ ပထမဆုံးအနေဖြင့် ပြန်လည်ရိုက်ကူးကြခြင်းဖြစ်သည်။ ယခုဇာတ်ကားမှာ လာမည့် ၂၀၁၃ ခုနှစ်ဆန်းပိုင်းမှသာ စတင်ရိုက်ကူးမည်ဖြစ်သည်။

ထို့အပြင် စတားလုန်းသည် Tommy Boy အမည်ရှိ ရုပ်ရှင်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားသည်။ ယင်းဇာတ်ကားကို ဒါရိုက်တာ ပီတာဆီးဂဲလ်က ရိုက်ကူးမည်ဖြစ်သည်။ အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်သော စတားလုန်းသည် The Expendables II ဇာတ်ကား၌လည်း ပါဝင်သရုပ်ဆောင်ထားသည်။

### အက်ရှင်ဇာတ်ဝင်ခန်း

တစ်ဖန် ၂၀၁၃ ခုနှစ်တွင် The Tomb ဇာတ်ကားနှင့် Bullet to the Head ဇာတ်ကားသစ်များကို ရိုက်ကူးမည်ဖြစ်သည်။ ယင်းဇာတ်ကားများသည် အက်ရှင်ဇာတ်ကြမ်းကားများ မဟုတ်ကြောင်း၊ သို့သော် အက်ရှင်ဇာတ်ဝင်ခန်း အနည်းငယ်ပါရှိကြောင်း ရုပ်ရှင်မင်းသားကြီး စတားလုန်းက ပြောကြားသည်။

ရုပ်ရှင်မင်းသားကြီး စတားလုန်း ပါဝင်သရုပ်ဆောင်ထားသည့် The Expendables ဇာတ်ကားမှာ အမေရိကန်နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသလျက်ရှိသည်။

**(အင်တာနက်)**

## ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျူလီယာ ဇာတ်ကားသစ်ရိုက်ကူးမည်

**လော့စ်အိန်ဂျလိစ် ဇွန် ၃**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျူလီယာနေဟုဂ့် **(အောက်ယာပုံ)** ဟာ Safe Haven အမည်ရှိတဲ့ ဇာတ်ကားသစ်ကို ရိုက်ကူးဖို့အတွက် ရီလက်တီဗ္ဗီတီမီဒီယာကုမ္ပဏီနဲ့ ဇွန် ၁ ရက်မှာ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အဲဒီရုပ်ရှင်ကားကို အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်မှာ ဇူလိုင်လဆန်းက စတင်ပြီး ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာတော့ အမေရိကန်နိုင်ငံ ကမ်းခြေမြို့ငယ်လေးတစ်မြို့ကို ပြောင်းရွှေ့လာတဲ့ အမျိုးသမီးငယ်တစ်ဦးရဲ့ တွေ့ကြုံရတဲ့အချစ်၊ အလွမ်းနဲ့အက်ရှင် ဇာတ်ဝင်ခန်းတွေပါဝင်တဲ့ ဇာတ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားကို ဒါရိုက်တာ လက်စီဟောစတုမ်းက ရိုက်ကူးမှာဖြစ်ပြီး သူဟာ My Life as a Dog ဇာတ်ကားနဲ့ The Cider House Rules ဇာတ်ကားတွေမှာ အော်စကာဆုရရှိမယ်လို့ အမည်စာရင်း ရွေးချယ်ခြင်းခံရဖူးသူ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး ဂျူလီယာနေဟုဂ့်ဟာ လောလောဆယ်မှာတော့ Rock of Ages ဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ ရုပ်ရှင်မင်းသမီး ဂျူလီယာနေဟုဂ့်ဟာ အဆိုတော်၊ အက၊ သီချင်းရေးသူနဲ့ ရုပ်ရှင်သရုပ်ဆောင်အလုပ်တွေကို အောင်မြင်စွာ လုပ်ကိုင်နေသူဖြစ်ပါတယ်။

အမေရိကန်နိုင်ငံတစ်ဝန်း မကြာမီက ရုံတင်ပြသခဲ့တဲ့ Footloose ဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး ဂျူလီယာနေဟုဂ့်ရဲ့ သရုပ်ဆောင်မှုတွေကို ပရိသတ်တွေ နှစ်ခြိုက် အားပေးခဲ့ပါတယ်။ သူမ ပါဝင်သရုပ်ဆောင်ထားတဲ့ Cold Case နဲ့ Million Dollar Dancers ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေမှာလည်း သူမရဲ့ အဆို၊ အကနဲ့ သရုပ်ဆောင်မှုတွေဟာ ပရိသတ်တွေရဲ့ အာရုံကို ဖမ်းစားနိုင်ခဲ့ပါတယ်။

ရုပ်ရှင်မင်းသမီး ဂျူလီယာနေဟုဂ့်ဟာ လောလောဆယ်မှာ ရုပ်ရှင်မင်းသား ကိုဒီလန်လေနဲ့တွဲနေပြီး အနုပညာလုပ်ငန်းတွေ ဆက်တိုက် လုပ်ကိုင်နေသူဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၈ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Hannah Montana ဇာတ်ကားမှာ အတူတွဲဖက်သရုပ်ဆောင်ရင်းနဲ့ ချစ်ကျွမ်းဝင်ခဲ့ကြတာဖြစ်ပါတယ်။



**(အင်တာနက်)**

ကိုသစ္စာ ➢ ရေးသားသည်



## မျက်မှန်တပ်ကြည့်စရာမလိုသော သရီးဒီရုပ်ရှင်ကားများ ဒါရိုက်တာ ဂျိမ်းကင်မရွန်း ရိုက်ကူးမည်

**လန်ဒန် ဇွန် ၃**

*သရီးဒီရုပ်ရှင်ကားများကို ပရိသတ်များအနေဖြင့် သရီးဒီမျက်မှန်မတပ်ဘဲ ပုံမှန်အတိုင်း ကြည့်ရှုခံစားနိုင်သည့် အဆင့်မြင့်ရုပ်ရှင်ကားများကို နည်းပညာအသစ်များဖြင့် ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာဂျိမ်းကင်မရွန်း* ***(အပေါ်ပုံ)*** *က ဇွန် ၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ တိုင်တန်းနစ်၊ Avatar နှင့် The Terminator ဇာတ်ကားများကို သရီးဒီ ရုပ်ရှင်ကားများအဖြစ် ပြန်လည်ကြည့်ရှုခွင့်ရအောင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာဂျိမ်းကင်မရွန်းက ပရိသတ်များအတွက် ခံစားမှုအပြည့်အဝကြည့်ရှုနိုင်မည့် ဇာတ်ကားများကို ရိုက်ကူးသွားရန် စီစဉ်နေပြီဖြစ်သည်။*

*"လာမယ့် နှစ်နှစ်နဲ့ သုံးနှစ်အတွင်းမှာ သရီးဒီမျက်မှန်မတပ်ဘဲ သရီးဒီရုပ်ရှင်ကားတွေကြည့်ရအောင် ကြိုးစားသွားမှာဖြစ်ပြီး တစ်ကမ္ဘာလုံးက ပရိသတ်တွေ လွတ်လွတ်လပ်လပ် ကြည့်ရှုခံစားလို့ရအောင် ကျွန်တော်ကြိုးစားသွားမယ်" လို့ လော့စ်အိန်ဂျလိစ်မြို့၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဒါရိုက်တာဂျိမ်းကင်မရွန်းက ပြောကြားသည်။ ဒါရိုက်တာ ဂျိမ်းကင်မရွန်းသည် ၂၀၁၂ ခုနှစ်ကုန်၌ ဇာတ်ကားသစ်တစ်ကားရိုက်ကူးရန်ရှိနေပြီး ရေခဲတောင်များ၊ ရေခဲလွှာများပါဝင်သော မြင်ကွင်းများကို သရီးဒီရုပ်ရှင်ကားအဖြစ် အဆင့်မြင့်ကင်မရာများဖြင့် ရိုက်ကူးသွားမည်ဖြစ်သည်။ ယင်းဇာတ်ကား၌ ပရိသတ်များ သရီးဒီမျက်မှန်တပ်ပြီး ကြည့်ရှုစရာမလိုကြောင်း ၎င်းက ပြောကြားသည်။ တိုင်တန်းနစ်ရုပ်ရှင်ကားကို သရီးဒီအဖြစ် ပြန်လည်ပြသခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သော်လည်း နေအိမ်များ၌ မိသားစုများ သရီးဒီရုပ်ရှင်မြင်ကွင်းခံစားမှုမျိုးကိုရရှိရန် ဒါရိုက်တာဂျိမ်းကင်မရွန်းက ကြိုးစားတော့မည်ဖြစ်သည်။*

***(အင်တာနက်)***

# ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ နံနက် ၇နာရီခွဲတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးဆောင်၊ အမရဆောင်၊ ရာမညဆောင်၊ တောင်ငူဆောင်၊ ပဲခူးဆောင်နှင့် ပင်းယဆောင်တို့၏ ပတ်ဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရေမြောင်းများရှင်းလင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘွဲ့နှင်းသဘင်ခန်းမ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမဘေး မော်တော်ယာဉ် ရပ်နားကွင်း တည်ဆောက်ပြီးစီးမှု၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေပြည်သာမြို့နယ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသော ၂၀၁၂ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*▲ ကျောဖုံးမှ*

*သောက်သုံးရေရရှိရေး စက်ရေတွင်းများ အောင်မြင်စွာတူးဖော်နိုင်မှုကို လေ့လာရန်ပင်ဖြစ်သည်။ သို့သော် သတင်းသမားတစ်ဦးအဖို့ ရေငတ်တုန်း ရေတွင်းထဲကျဆိုသကဲ့သို့ မြောက်ဦးမြို့ဟောင်းနှင့် ပတ်သက်၍စိတ်ဝင်စားဖွယ်ရာအချက်အလက်များကို လေ့လာသိရှိခွင့်ရခဲ့ပါသည်။ မြောက်ဦးမြို့ဟောင်းသည် ပုဂံယဉ်ကျေးမှုထက်စော၍ တည်ရှိခဲ့ပြီး ပုဂံယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိသည်ဟူသော အချက်ကြောင့် မြောက်ဦးမြို့ဟောင်း (သို့မဟုတ်) အောက်ပုဂံကို ရှာပုံတော်ဖွင့်လိုစိတ် ပြင်းပြခဲ့ပါသည်။*



မြောက်ဦးမြို့ဟောင်းမှ ပြန်လည်ပြုပြင်ထားသော ရှေးဟောင်းရေတွင်း တစ်တွင်းကို တွေ့ရစဉ်။

***သုံးသပ်ခဲ့ကြ***

*မြောက်ဦးမြို့ဟောင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိသဖြင့် မြန်မာနိုင်ငံ၏ ဘူမိဖြစ်စဉ်တွင် နောက်ကျပြီးပေါ်ပေါက်လာသော မြေနုမြေသစ်များသာလျှင် ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မတွေ့ရှိနိုင်ဟု သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များက သုံးသပ်ခဲ့ကြဟန်ရှိသည်။*

*မျက်မှောက်ခေတ်သမိုင်းများတွင် "ပုသိမ် (၃၂)မြို့ဝင်၊ ဟံသာဝတီခေတ်၊ လောက်ဖျားမင်းစသော ဖော်ပြမှုတို့ဖြင့် အစပျိုး၍ ဖော်ပြထားကြသည်ကိုသာ တွေ့ရှိရသည်။ ထို့ထက်ပို၍စောသော တကောင်း၊ သရေခေတ္တရာ၊ ပုဂံခေတ်တို့နှင့် ဆက်စပ်သုံးသပ်နိုင်သောသမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဖြစ်စဉ်များသည် ခေတ်အဆက်ဆက် တိမ်မြုပ်ပျောက်ကွယ် နေခဲ့သည်။*

***လက်ခံလာ***

*သို့သော်လည်း ပါမောက္ခ ဦးဖေမောင်တင်နှင့် ဂျီအက်စ်ဖာနေဗယ်တို့ ပူးတွဲရေးသားခဲ့သည့် ဗမ္မာ့ဒီပအုပ်ဆောင်းကျမ်းတွင်မူ မြောက်ဦးမြို့ဟောင်း တည်ရှိခဲ့မှုနှင့်ပတ်သက်၍ အထောက်အထားများဖြင့် ထည့်သွင်းရေးသားထားကြောင်းသိရသည်။ မြောက်ဦးမြို့ဟောင်းသည် အသစ်တွေ့ရှိဖော်ထုတ်ထားသော ရှေးဟောင်းနေရာများအနက် အရေးပါသော ရှေးဟောင်းယဉ်ကျေးမှု ဒေသကြီးအဖြစ် ယခုအခါ ရှေးဟောင်းသုတေသနပညာရှင်များ လက်ခံလာကြပြီဖြစ်သည်။*

*ယခင်ခေတ်အဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော မြောက်ဦးမြို့ဟောင်းကို ပြန်လည်ဖော်ထုတ်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပညာရှင်များပါဝင်သော ရှေးဟောင်းသုတေသနအဖွဲ့သည် ၂၄-၅-၂၀၀၅ ရက်မှ ၁-၆-၂၀၀၅ ရက်နေ့အထိ ၁၀ ရက်ကြာ ကွင်းဆင်းလေ့လာ မှတ်တမ်းတင်ခဲ့ကြသည်။*

*အဆိုပါ ရှေးဟောင်းသုတေသနအဖွဲ့သည် တိုတောင်းသောအချိန်ကာလ အတွင်းမှာပင် နန်းတော်ရာ၊ မြို့ရိုး၊ ကျုံး၊ ရေသိမ်၊ စေတီဟောင်းများ၊ စဥ့်ဖို၊ ရှေးဟောင်းရေတွင်း၊ ရေကန်များ အပါအဝင် ရှေးဟောင်းနေရာ ၅၇ ခုကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့သည်။ ဒေသခံသုတေသီများ၏ အဆိုအရ မြောက်ဦးမြို့ဟောင်းတွင် စေတီပုထိုးပေါင်း ၄၄၉ဆူ တည်ရှိပြီး အဆူပေါင်း ၁၇၈ ဆူ တွေ့ရှိရကြောင်း သိရသည်။ ပဏာမ ကွင်းဆင်းလေ့လာတွေ့ရှိရသော အထောက်အထားများသည်ပင်လျှင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် သရေခေတ္တရာ၊ ပုဂံယဉ်ကျေးမှုတို့နှင့် သမိုင်းဖြစ်စဉ်ကို ဆက်စပ်သုံးသပ်နိုင်သော အဖိုးတန် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများပင်ဖြစ်သည်။*

*မြောက်ဦးမြို့ဟောင်းသည် ၆ မိုင်ပတ်လည်ကျယ်ဝန်းပြီး အလောင်းစည်သူမင်းကြီးတည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီပေါင်း ၄၄၉ ဆူ ရှိသည့်အနက် ယခုအခါ ဘုရားအဆူပေါင်း ၃၀၀ ခန့် ပြန်လည်ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ မြောက်ဦးမြို့၏ မြို့ဟောင်းကျေးရွာသည် ယခင်က အောက်ပုဂံနေပြည်တော် ဖြစ်ခဲ့ပြီး BC ၂၀၀၀ ခန့်က ရှေးဟောင်း ဒင်္ဂါးပြားများကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ ဒင်္ဂါးပြားများတွင် ခရော်စတီအက္ခရာများပါရှိသဖြင့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀၀၀ ကျော်က ဒင်္ဂါးပြားများဖြစ်ကြောင်း မြောက်ဦးမြို့ မြစိမ်းရောင်တောင် သာသနာ့နယ်မြေမှဒေသခံ တစ်ဦးက ပြောကြားသည်။*

*မြောက်ဦးမြို့ဟောင်းကို ရှာပုံတော်ဖွင့်မည်ဆိုပါက မြောက်ဦးမြို့ ကုန်းသာကျေးရွာအုပ်စုရှိ မြစိမ်းရောင်တောင် သာသနာ့နယ်မြေ သမိုင်းကိုလည်း ချန်လှပ်၍ရမည်မဟုတ်ပါချေ။ မြောက်ဦးမြို့ ဟောင်းရှာဖွေတွေ့ရှိမှုနှင့် မြစိမ်းရောင်တောင် သာသနာ့နယ်မြေသည် ဆက်စပ်မှုရှိနေလေသည်။*

*မြစိမ်းရောင်တောင်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်အစစ်ဖြင့် တည်ထားသော ရှေးဟောင်းမြတ်တိဂုံစေတီတော်တည်ရှိခဲ့ပြီး ယခုအခါ မြစိမ်းရောင်တောင် ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလိယ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက အသစ်ပြန်လည်တည်ထားကိုးကွယ်ရန် တည်ဆောက်လျက်ရှိသည်။*

*မြောက်ဦးမြို့ဟောင်းတွင် တွေ့ရှိရသော ပုဂံလက်ရာ အုတ်ခွက်ဘုရားများ၊ နှစ်မိုင်ခန့်ရှည်လျားသော ပုဂံခေတ်အုတ်လမ်းမကြီး၊ BC ၂၀၀၀ခန့်က ရှေးဟောင်းရွှေဒင်္ဂါးများ၊ ဒွတ္တဘောင်မင်းကြီး တည်ထားသည့် ပျူခေတ်လက်ရာ ထီးတော်ကြီးများသည် ပုဂံယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိကြောင်း ထင်ရှားသည့် အထောက်အထားများပင်ဖြစ်သည်။*

*အနော်ရထာမင်း လက်ထက်က တည်ထောင်ခဲ့သော အထက်ပုဂံသည် ခြောက်မိုင်ပတ်လည် ကျယ်ဝန်းသကဲ့သို့ မြောက်ဦး မြို့ဟောင်းသည်လည်း ခြောက်မိုင်ပတ်လည်ကျယ်ဝန်းသည်မှာ သာမန်တိုက်ဆိုင်မှုဟု မဆိုနိုင်ပါချေ။ မြောက်ဦးမြို့ဟောင်းသည် ပုဂံထက်နှစ် ၂၀ ခန့်စောတည်ရှိခဲ့ရာ အနော်ရထာမင်းသည် မြောက်ဦးမြို့ဟောင်းကို စံနမူနာယူ၍ ပုဂံကိုတည်ထောင်ခဲ့လေသလားဟုပင် အတွေးပွားစရာဖြစ်ရလေသည်။*

*အစဉ်အလာ မှတ်တမ်းများအရ မြောက်ဦးမြို့ဟောင်းသည် အထက်မြန်မာပြည် ပုဂံမြို့ဟောင်းသကဲ့သို့ ခမ်းနားကြီးကျယ်ခဲ့သော ရှေးဟောင်းယဉ်ကျေးမှုဒေသကြီး တစ်ခုဖြစ်ပြီး မြောက်ဦးမြို့ဟောင်းမှ တွေ့ရှိရသော ယဉ်ကျေးမှု အထောက်အထားများသည်လည်း ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါသော အဖိုးတန် အမွေအနှစ်များဖြစ်သည်။ ထိုအမွေအနှစ်များကို မပျောက်ပျက်အောင်၊ အဖျက်ဆီးမခံရအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် အထူးလိုအပ်လှပေသည်။*

*ယခုအခါ မြောက်ဦးမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုဒေသအဖြစ် တရားဝင် သတ်မှတ်လိုက်ပြီဖြစ်ရာ မကြာမီကာလ၌ ဘုရား၊ စေတီ၊ ပုထိုးများဖြင့် ပြန်လည်စည်ပင်ထွန်းကားတော့မည်ဖြစ်သည်။ မြောက်ဦးမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းအပေါ် မြောက်ဦးမြို့နယ်မှ ဒေသခံပြည်သူများ အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြကြောင်း ရှာပုံတော်ဖွင့် တင်ပြလိုက်ရပါသည်။ ။*

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# ချောင်းဦးမြို့နယ် ကုလားကြီးကျေးရွာ ဝင်းရွှေစင် ကျောင်းဆောင်သစ်ဖွင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၂ရက် နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ် ကုလားကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဝင်းရွှေစင် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးလှသိန်းနှင့် ကျောင်းဆောင်သစ်အလှူရှင်ဦးဝင်းအောင်တို့က ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင် ဦးဝင်းအောင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးများက ကျောင်းအတွက် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် ဂျာနယ်၊ စာစောင်များထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဝင်းရွှေစင် ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀နှင့် အမြင့် ၁၃ပေရှိ သွပ်မိုး (RC) တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကုန်ကျငွေစုစုပေါင်း ငွေကျပ်သိန်း ၃၇၀ ဖြစ်ကြောင်း သိရှိရသည်။

**တက်ရောက်ကြည်ညို**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့သည် မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး သာသနာ့ဗိမာန်တော်၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၂ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များနှင့် (၆၄)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ပေါ်ထွန်းခဲ့သော တေရသမ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်သည့် ဂုဏ ပူဇာမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*■ ရှေ့ဖုံးမှ*

ဤတိုးချဲ့ဆောင်သစ်ကို ဆောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း။

ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့်လည်း အဆောက်အအုံ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ လူနာခန်း၊ လူနာဆောင်သန့်ရှင်းလှပမှုကို မိမိတို့၏ ထူးချွန်သော ကုသမှု၊ စေတနာ၊ စာနာမှုများနှင့် ပေါင်းစပ်ပြီး လူနာများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးအတွက် အကောင်းဆုံးစောင့်ရှောက်မှုပေးကြရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် စေတနာရှင်များကိုယ်စား မတည်အလှူရှင် Naing Group Construction Co.,Ltd. နာယက ဦးကျော်နိုင်ဦးက တိုးချဲ့ဆောင်သစ်နှင့် ပတ်သက်သည့် မှတ်တမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်ထံ လွှဲပြောင်းပေးအပ်ကာ ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များ ဖြစ်ကြသည့် Naing Group Construction Co.,Ltd. မှ ဒေါ်လှလှထွေးက ထာဝရငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀၀၊ ဦးမောင်မောင်ကြီး ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ရွှေသံလွင်ကုမ္ပဏီက Skynet ရုပ်သံလွှင့်စက်ငါးလုံးနှင့် ငွေကျပ်သိန်း ၅၀၊ Royal Orchid Construction မှ ဦးအေးနိုင်-ဒေါ်အေးသန်း၊ ဦးအောင်အောင်-ဒေါ်နီနီတို့က ငွေကျပ် ၁၂ သိန်းနှင့် Royal Rose Construction မှ ဦးလှဟန်-ဒေါ်တင်တင်လှတို့က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဆေးရုံအုပ်ကြီးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြကာ ဆေးရုံအုပ်ကြီးဒေါက်တာကျော်ကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ တိုးချဲ့ဆောင်သစ်ကို Naing Group Construction Co., Ltd. က မတည်အလှူငွေကျပ်၅၂၃၈သိန်း၊ လူနာခန်းအလိုက် အလှူရှင် ၃၃ ဦးက လှူဒါန်းငွေကျပ် သိန်း ၄၈၀၀၊ စေတနာအလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၉၆၂သိန်း၊ပရိဘောဂအလှူရှင် ၉၁ဦးက လှူဒါန်းငွေကျပ် ၁၆၈သိန်း၊ လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၁၁၁၆၈ သိန်း အကုန်အကျခံကာ ၂၀၁၀ ခုနှစ် ဩဂုတ်လမှစ၍ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး သုံးထပ် အဆောက်အအုံဖြစ်သည်။ ခေတ်မီအသုံးအဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်းတွဲလျက် လူနာခန်း ၅၀ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အိမ်မဲဇရာ ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင်များအား ၂၀၁၁-၂၀၁၂ အတွက် အမြတ်ငွေ ခွဲဝေပေးခြင်းကို မေ ၂၄ရက်က ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဦးက အမြတ်ငွေ ၆၁၀၄၉၂၇ကျပ်ကို ပေးအပ်စဉ်။ (မြန်မာ့အလင်း)

**MRTV-4**

၄-၆-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

၅း၂၀ MRTV-4 သတင်း
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၂)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၆)
၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၈)
၁၁း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၂)
၂း၀၀ MRTV-4 သတင်း
၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၆)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၃)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၁၁)
၁၁း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၈)
၁၂း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၉)

# အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံ

နေပြည်တော် ဇွန် ၃

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် ခေါင်းဆောင်သည့် ကော်မတီဝင်များသည် မေ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ ရောက်ရှိလာခြင်းအတွက် ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု ပိုမိုနက်ရှိုင်းရေး၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်၍ အစဉ်ထာဝရငြိမ်းချမ်းမှုရရှိရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများကို လေ့လာသိရှိနိုင်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ဒေသအသီးသီးသို့ လှည့်လည်နေခြင်းဖြစ်ကြောင်း၊ ဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို မိမိတို့ကော်မတီ (၂)ရပ်ပြန်လည်ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ရာ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ဆွေးနွေးရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အိတ်ဆောင်စာအုပ်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

**အမှာစကားပြောကြား**

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်က သွားရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တင်ပြချက်များကို သိရှိနိုင်ရေးအတွက် ဆက်စပ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့က တရားစီရင်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ပြည်သူ့အကျိုးအတွက် မဆီလျော်တော့သည့်ဥပဒေများ၊ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများအား ပယ်ဖျက်ရန် လိုအပ်ပုံများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများက ဒေသအတွင်းရှိလမ်းများ တိုးတက်ကောင်းမွန်ရေး၊ ဒေသခံတိုင်းရင်းသားများတွေ့ကြုံနေရသည့် မြေယာပြဿနာများ၊တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိစ္စများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များ၊ ပြည်နယ်ဝန်ကြီးများ၏တာဝန်ပိုင်းနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

မွန်းလွဲ ၂ နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ပင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ စစ်မှုထမ်းဟောင်းစသည့် အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဥပဒေပညာရှင်များက ပြန်လည်ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် မေ ၂၉ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြသည်။

မေ ၃၁ ရက်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များနှင့် အလိုတော်ပေါက် ဘုရားတို့အား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်း ဆောင်ရွက်နေမှုများနှင့် အင်းလေးရိုးရာ ရက်ကန်းလုပ်ငန်းတို့ကိုလည်း ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

❍ကျော့ဖုံးမှ

*ကားသမားပြန်ထားကြတယ်။ ယာဉ်ဟောင်းအပ်ဖို့ ဖြုတ်ထားကြတဲ့ အစိတ်အပိုင်းအချို့တွေကိုလည်း ပြန်လည်တပ်ဆင်လာကြတယ်”ဟု ပြောပြပါသည်။*

*ကြေညာချက်အသစ်ကြောင့် ယာဉ်ဟောင်းအပ်ကားများ နည်းပါးသွားခဲ့သည့်အပြင် ကားပါမစ်ဈေးမှာ သိန်း ၈၀ ကျော်အထိပြုတ်ကျခဲ့ပြီး လက်ရှိတွင် ကားတင်သွင်းခွင့် ပါမစ်တစ်စောင်လျှင် ကျပ်သိန်း ၅၀အောက်သာရှိတော့ခြင်းကြောင့် ယာဉ်ပိုင်ရှင်အားလုံးနီးပါး မရောင်းလို၊ မအပ်လိုကြတော့ခြင်းဖြစ်ကြောင်း သိရသည်။*

*သို့ရာတွင် လက်ရှိ ကားသစ်များ ဈေးနှုန်းကျဆင်းပြီး ပေါများလာသော်လည်း နယ်ဝယ်လက်များနှင့် ငွေကြေးအသင့်အတင့်ရှိသူများမှာ ကားဟောင်း (ယခင်မူဝါဒများမပြောင်းခင်လက်ကျန်)များအား ဈေးနှုန်းကျဆင်းလာချိန်တွင် ဝယ်ယူရန် စိတ်အားထက်သန်နေကြကြောင်း ကားပွဲစားလောကမှ သိရှိရသည်။*

*“မော်ဒယ်လ်မြင့်ကားတွေက သိန်း ၁၀၀ ကျော်မှပဲ စိတ်ကူးလို့ရမှာလေ။သာမန်လူတန်းစားကတော့ အရင်က မမျှော်လင့်ခဲ့ဖူးတဲ့ ကားတွေကို တတ်နိုင်သလောက် စီးချင်ကြတဲ့အတွက် အမေးများလာပေမယ့် ကားပိုင်ရှင်တွေကလည်း ဈေးက မထင်မှတ်ထားတဲ့အထိ ကျဆင်းလာတဲ့အတွက် ဝယ်သူပေါပြီး ရောင်းမယ့်ကားက ရှားလာပါတယ်”ဟု ကားပွဲစား ကိုသော်ဇင်အောင်(ထီးတန်း)က ပြောကြားသည်။*

*ဝယ်ယူရန်အမေးအခံရဆုံး ကားများမှာ တိုယိုတာ ဆလွန်းပုံစံစုံနှင့် တောင်းအေ့စ်၊ စူပါရုဖ်(အလုံး)တို့ဖြစ်ပြီး ဈေးနှုန်းများမှာ ကျပ်သိန်း ၆၀ မှ ကျပ်သိန်း ၁၀၀အောက်သာ ဈေးရှိတော့ခြင်းကြောင့် လွန်ခဲ့သည့် နှစ်ကထက်စာလျှင် သုံးပုံ တစ်ပုံမှသည် ခေါက်ချိုးအထိ ဈေးနှုန်းကျဆင်းလာသည့် ကားများဖြစ်ကြောင်း သိရှိရသည်။*



# ကျောက်မဲ၌ အရန်သားဖွားသင်တန်းဖွင့်

ကျောက်မဲ ဇွန် ၃

ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဖွင့်ပွဲကို မေ ၂၄ ရက်က ကျောက်မဲမြို့ရှိ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က အမှာစကားပြောကြားပြီး **(အပေါ်ဝဲပုံ)** ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်မေသင်းက အရန်သားဖွားသင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်သော အဆိုပါသင်တန်းသို့ မြို့နယ် ရှစ်မြို့နယ်မှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကာ သင်တန်းသူများအတွက် လိုအပ်သောဝတ်စုံနှင့် စာရေးကိရိယာများကို ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ဒေါပုံမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သောင်းမြက ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။** (ဝ၅၁)



**မအူပင်မြို့နယ် ဘိုးဘွားရိပ်သာတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၆ရက်က ဘိုးဘွားရိပ်သာ၌ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်ရိပ်သာ အမှတ်(၁၇)နေ ဦးလှဖေ(အငြိမ်းစား ထောင်ပိုင်ကြီး) - ဒေါ်ဟန်ရွှေ မိသားစုတို့က ငွေကျပ် ခုနစ်သိန်းကို ဘိုးဘွားရိပ်သာတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (ဝ၆၈)





# ၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (၂၁)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇွန် ၃

၁၉၉၄-၁၉၉၅ စီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်း၏ (၂၁) ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ယနေ့ ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ Mount Pleasent Hotel ဥတ္တရ သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသက်ဦးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အသင်းဝင်ဖြစ်သူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက “အာဆီယံ စီးပွားရေး အသိုက်အဝန်းဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ” (Opportunities & Challenges of ASEAN Economic Community) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ၏ အရေးပါမှုကို စီးပွားရေးရှုထောင့်မှ လေ့လာသုံးသပ်ခြင်း” (Environmental Preser Vation: Economic Prespective) ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းနှင့် အကြောင်းအရင်းများ၊ အကျိုးဆက်များနှင့် နောက်ဆက်တွဲ ပြဿနာများဖြစ်ပွားလာမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းဆက်စပ်နေမှု၊ ကမ္ဘာတစ်ဝန်းတွင် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေနံစသည့် သဘာဝသယံဇာတများ နှစ်အလိုက် တိုးတက်သုံးစွဲလာမှု၊ ကမ္ဘာ့လူဦးရေ တိုးတက်မှု၏ နောက်ဆက်တွဲဖြစ်စဉ်များ၊ လူဦးရေတိုးပွားလာမှုနှင့် လူနေမှုပုံစံပြောင်းလဲလာမှု၊ စားနပ်ရိက္ခာရှားပါးလာမှု၊ စွမ်းအင်မလုံလောက်မှု၊ ရာသီဥတုဖောက်ပြန်လာမှုနှင့် ဆင်းရဲနွမ်းပါးလာမှု၊ သစ်တောသစ်ပင်များ ထိန်းသိမ်းရေးနှင့် ပြုစုပျိုးထောင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ သုံးစွဲရေး၊ ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေမှုများနှင့် ပြန်လည်တုံ့ပြန် ဆောင်ရွက်ရန် လိုအပ်ချက်များကို စီးပွားရေးရှုထောင့်မှ သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့်အသင်းဝင်များက ဆွေးနွေးဟောပြောချက်များနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

၁၉၉၄-၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းအနေဖြင့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ရန်ကုန်မြို့တွင် ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျင်းပလျက်ရှိပြီး နေပြည်တော်တွင် ယခုပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

လာမည့် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် ယခုဆွေးနွေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပြီး အစိမ်းရောင်စီးပွားရေး (Green Economy) တွင် မိမိတို့အသင်းမှ စီးပွားရေးဘွဲ့ရများအနေဖြင့် မည်သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ကို သိရှိနားလည်လာစေရန် ရည်ရွယ်ပါကြောင်းဖြင့် အသင်းဥက္ကဋ္ဌ ဦးသက်ဦးက ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

❐ ကျော့ဖုံးမှ

တာဝန်ခံအင်ဂျင်နီယာတစ်ဦးက “ကျွန်တော်တို့ ဇွန် ၅ ရက်မှာ ကျင်းပမယ့် ဘုရင့်နောင်ခုံးကျော်တံတား ပန္နက်တော်တင်အခမ်းအနားအတွက် ပြင်ဆင်နေကြတာပါ”ဟု **(အောက်ပုံ)** ပြောကြားခဲ့သည်။

အဆိုပါခုံးကျော်တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် FMI ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းတည်ဆောက်ကြမည်ဖြစ်သည်။

တံတားကြီးတည်ဆောက်နိုင်ရေးအတွက် မြေပြင်တိုင်းတာမှုများကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့ပြီး ယာဉ်သွားလာမှု သိပ်သည်းဆတွက်ချက်မှုကို ဧပြီလနှင့် မေလအတွင်း နှစ်ကြိမ်ကွင်းဆင်းစာရင်းကောက်ယူခဲ့ကြသည်ဟု အင်ဂျင်နီယာက ပြောကြားခဲ့သည်။ တံတားမှာ နှစ်ထပ်ခုံးကျော်တံတားဖြစ်သည်။ ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့သွားရာ တံတားတစ်ထပ်နှင့် သမိုင်းလမ်းဆုံမှ ဘုရင့်နောင်တံတားဆီသို့သွားရာ တံတားတစ်ထပ်ဖြစ်သည်။

ရန်ကုန်ဘက်မှ အင်းစိန်ဘက်သွားရာတံတားအရှည်မှာ မီတာ ၃၀၀ ကျော်၊ သမိုင်းလမ်းဆုံမှ ဘုရင့်နောင်တံတားဘက်ဆီသို့သွားရာ တံတားအရှည်မှာ မီတာ ၆၀၀ ကျော်ရှိမည်ဖြစ်ပြီး မြေပြင်မှ ကင်းလွတ်အမြင့်မှာ ၅ ဒသမ ၅ မီတာရှိမည်ဖြစ်ကာ တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း ကနဦးသတင်းအဖြစ် ဖော်ပြလိုက်ရပါသည်။



# မဟာသမယနေ့နှင့် ငြိမ်းချမ်းရေးသြဝါဒကထာ

**အမျိုးသားစာပေဆုရအောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)**

နွေနှောင်းရက်ကျန် ဝသန်ကာလဦးမို့ ဆွေ့ဆွေ့ခုန်မျှ ပူပြင်းနေသည့် နယုန်လဝယ် တောနှင့် ရင့်မြိုင်ပေဝန်တို့တွင် ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ဝေ စိမ်းလန်းသာယာစိုပြည်စပြုကာ ရှုမငြီးရှုမဝနိုင်အောင်ပင် သာယာလှပသည့် အခါသမယဖြစ်ပါသည်။

"နယုန်မိုးသေး မြက်သားမွေး" ဟူသည့် မြန်မာတို့၏ ဆယ့်နှစ်ရာသီမိုးလင်္ကာနှင့်အညီ မိုးဖွဲကလေးများ ရွာသွန်းစပြု၍ အေးချမ်းသည့် မိုးပေါက်မိုးစက်တို့ ပုလဲငွေရောင် ရေထုတောင်သဖွယ် လူ့လောကကို ပက်ဖျန်းလာနေပါသည်။

နယုန်လ၏ အဓိပ္ပာယ်ကို ဖွင့်ရပါမူ နံ=န=အချိန်အခါဟု အနက်ရသည်။ ယုန်=မျှန်=မိုးရွာခြင်းအနက်ပြန်သည်။

ထို့ကြောင့် နယုန်ဟူသည် မိုးရွာစ လသမယဖြစ်ပါ၏။ သို့သော်လည်း. . . "ယုန်" သည် မုန်ဟူသော ဝေါဟာရမှ ပျက်ပြားလာသည်ဖြစ်၍ မိုးရွာခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ လေပြင်းဖို့ခြင်း၊ တိုက်ခတ်ရွာသွန်းခြင်းကိုလည်း ကြုံရတတ်ပါသည်။ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းကို နယုန်လတွင် ကြုံခဲ့ဖူးပါပြီ။

မဟာအတုလမင်းကြီး၏ နယုန်လဖွဲ့ လွမ်းချင်းတွင်

"နတ်စည်ငယ်ရွမ်းပါလို့၊ ခြိမ့်မွှမ်းငယ်သံစုံ၊ ကမြူးငယ်ခုန်သည်၊ လ-နယုန်သည်ချိန်မို့ မြူတိမ်လွှာဆိုင်းပြန်တော့တယ်လေး. . . ."

"ရာသီငယ်မေထုန၊ ဆယ့်နှစ်လမို့၊ ဇွေ့ပြောင်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ရာဇိန္ဒနတ်၊ ပိဋကတ်မှာ၊ မပြတ်ကယ်ထွက်စံ၊ စာညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ ရွှေလယ်မှာ၊ ငွေစံပယ်ဖြူ မြတ်လေးက၊ မွှေးလှတယ်လေး. . ." ဟူ၍ ပါရှိသည့်အတိုင်း လနယုန်သည် မကြုံစဖူး ထူးကဲသာယာတင့်မောလှပါသည်။

နယုန်လမှာ မေထုန်ရာသီဖြစ်၏။ ဇွေ့နက္ခတ်သည် လ(စန်း) နှင့်ယှဉ်၍ ထွက်သည်။ နယုန်လအခါသမယတွင် မြန်မာ့ရွှေနန်းရှင်များလက်ထက်တော်အခါက တစ်လတိုင်တိုင် စာပြန်ပွဲများ ကျင်းပသည်။ ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁၀၁၀ ပြည့်နှစ်တွင် ပထမပြန်စာပြန်ပွဲ စတင်ကျင်းပသည်ဟု မှတ်သားရပါသည်။

ထိုကဲ့သို့ စာညီလာခံသည့် နယုန်လတွင် စံပယ်ပန်း၊ မြတ်လေးပန်းတို့ ပွင့်ကြသည်။ အချို့က မြတ်လေးပန်းကို မုလေးပန်းဟု ရေးဖွဲ့သည်။ စံပယ်ပန်းသည် မွှေးကြူသင်းပျံ့ဖြူဖွေးလှပသော်လည်း မြတ်လေးပန်းကို မမီကြောင်း၊ ပန်းများအားလုံးတွင် မြတ်လေးပန်းကသာ အမြတ်ဆုံးဟူ၍ စာပေပညာရှင်များက ပြဆထားကြပါသည်။

လနယုန်သည် ငြိမ်းချမ်းရေးသဘောလက္ခဏာကို စတင်ဖော်ကျူးခဲ့သည့် လထူးလမြတ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်အလေးထားကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော် မြတ်စွာဘုရားရှင်၏ ငါးဝါမြောက် မဟာသက္ကရာဇ် ၁၀၇ ခု နယုန်လပြည့်နေ့ညဦးယံ၌ မဟာဝုန်တောကြီးတွင် ငြိမ်းချမ်းရေးသဘောလက္ခဏာဆောင်သည့် မဟာသမယသုတ်တော်ကို လူ နတ် ပြဟ္မာတို့အား ဟောကြားတော်မူခဲ့ပေသည်။

ဘုရားရှင်လက်ထက်တော်ကာလ ကပ္ပိလဝတ်ပြည်နှင့် ကောလိယ နှစ်ပြည်ထောင်တို့သည် ယနေ့အိန္ဒိယပြည်မြောက်ပိုင်း ဂင်္ဂါမြစ်နှင့် ရောဟဏီမြစ် နှစ်သွယ်ဆုံရာ ကမ်းတစ်ဖက်စီ၌ တည်ရှိနေထိုင်ကြသည့် သာကီမင်းအမျိုးအနွယ်များ ဖြစ်ကြသည်။

ရောဟဏီမြစ်မှ ရေသွယ်ယူ၍ လယ်ယာစိုက်ပျိုးရေနှင့် သောက်သုံးရေ ရယူသုံးစွဲကြသည်။ ကဆုန်ရေကုန်၍ နယုန်လတွင် မိုးမရွာသဖြင့် ရောဟဏီမြစ်ရေခန်းစအပြုတွင် စိုက်ပျိုးရေးအတွက် ရေသွယ်ရန် နှစ်ပြည်ထောင် အငြင်းပွား၊ အချင်းများကြရာမှ စစ်ပွဲကြီးတစ်ရပ်ဆင်နွှဲရန် နှစ်ဖက်တပ်များ ရောဟဏီမြစ်ကမ်းပါး စစ်မြေပြင်တွင် ခြေတင်ကြပါတော့သည်။

ထိုအကြောင်းကို မြတ်စွာဘုရား ရွှေဉာဏ်တော်တွင် ထင်းခနဲပေါ်လာသဖြင့် နယုန်လပြည့်နေ့ အရုဏ်တက်တွင် ဈာန်သမာပတ်ဖြင့် အချင်းဖြစ်ပွားရာ နှစ်ပြည်ထောင်၏ စစ်တပ်အကြား နယ်ခြားဒေသဖြစ်သည့် ရောဟဏီမြစ်အလယ် ကောင်းကင်ယံ၌ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူ၍ ရောင်ခြည်ခြောက်သွယ်အံ့ဖွယ်တို့ဖြစ် အသွယ်သွယ်ဖြန့်ကြက်တော်မူပါသည်။

စစ်ပွဲကြီးဆင်နွှဲမည့် နှစ်ပြည်ထောင်စစ်တပ်တို့ မြတ်စွာဘုရားအား အံ့ဖွယ်ဖူးတွေ့ရ၍ တွေဝေငေးမောရှုမျှော်ဖူးမြင်နေကြခိုက် မြတ်စွာဘုရားသခင်သည် ငြိမ်းချမ်းရေးတရားတော်ကို ဇာတ်တော်(၆)ရပ်ဖြင့် ဟောကြားမိန့်မြွက်တော်မူပါသည်။

(၁) ပန္ဒနဇာတ်-ဒေါသ၊ မောဟ၊ အာဃာတ တရားဆိုးများကြောင့်၊ ရန်ငြိုးဖွဲ့ခြင်း၏ ရလဒ်ကြောင့် ပျက်စီးရသည့် ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့၏ သာဓက ဥပမာ။

(၂) ပထဝီဥန္ဒြိယ(ဒုဒ္ဒုဘ) ဇာတ်-တစ်ဆင့်စကား၊ ကောလာဟလ စကားကို မယုံသင့်ကြောင်း၊ ချင့်ချိန်စူးစမ်း၍ ယုံသင့်မှ ယုံရမည်။ မစူးမစမ်း မဆင်မခြင်လုပ်ပါက ပျက်စီးရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မြေပြိုပြီဟု မဆင်မခြင်ပြောသည့် ယုန်သူငယ်၏စကားကိုယုံမှား၍ သတ္တဝါတို့ ဘေးဒုက္ခဖြစ်မည့်ဆဲဆဲ ခြင်္သေ့မင်း၏ စူးစမ်းဆင်ခြင်မှုကြောင့် ဘေးကင်းကြရသည့် သာဓက။

(၃) လဋုကိကဇာတ်- အင်အားကြီးသည်ငယ်သည်မဟူ အင်အားကြီးသူက အင်အားနည်းသူအား အောင်နိုင်မည်မဟုတ်ကြောင်း၊ ရုပ်ပိုင်းပစ္စည်းထက် စိတ်ဓာတ်ပိုင်းကပိုစွမ်းကြောင်း ဖော်ပြသည့် ဆင်ပြောင်ကြီးနှင့် ဘီလုံးငှက်မတို့၏ သာဓက ဥပမာ။

(၄) ရုက္ခဓမ္မဇာတ်-စည်းလုံးညီညာမှုသာ အောင်မြင်ကြောင်း၊ လွင်တီးခေါင်ရှိ သစ်ပင်ထီးထီးကြီးသည် လေမုန်တိုင်းဒဏ်မခံနိုင်၊ သစ်ပင်ငယ်များ စုပေါင်းအင်အားဖြင့် ကြံ့ခိုင်ရပ်တည်၍ မုန်တိုင်းကို ခုခံနိုင်သည့်စွမ်းရည်တို့ကို နှိုင်းယှဉ်ပြဆိုသည့် သာဓက ဥပမာ။

(၅) ဝဋ္ဋက (သမ္မောဒမာန)ဇာတ်-မစည်းလုံးက ပျက်စီးမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသာခွန်အားဖြစ်၍ အောင်နိုင်မှု ရှိနိုင်မည်ဟု ပြဆိုသည့် ပိုက်ကွန်ကြီးတွင် မိနေသည့် ငှက်ငယ်အပေါင်းတို့ စည်းစည်းလုံးလုံးနှင့်စုပေါင်း အင်အားယူ၍ ပျံသန်းသည့်အခါ ဘေးကင်းခဲ့ကြောင်း သာဓက ဥပမာ။

(၆) အတ္တဒဏ္ဍဇာတ်-သောကကင်းဝေး ပူပန်မှုငြိမ်းအေးချမ်းသာသုခရနိုင်ရေးတို့မှာ မိမိကိုယ်ကို မိမိကသာပြုလုပ်နိုင်ကြောင်း မိမိက ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကို လိုက်နာကျင့်သုံးပါက စိုးရိမ်သောက ဗျာပါဒတို့မှ လွတ်မြောက်၍ ငြိမ်းချမ်းသော ဝိမုတ္တိကို ရရှိမည်ဖြစ်ကြောင်း သာဓက ဥပမာတို့ကို ဟောပြောသည့် အဆုံး၌ နှစ်ပြည်ထောင်အကြား ငြိမ်းချမ်းရေးတရားသက်ဝင်ပြီး ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး ညီညွတ်၍ ရန်ပွဲကြီးကျေအေးသွားကြပါသည်။

နှစ်ပြည်ထောင်ငြိမ်းချမ်းရေးရရှိပြီး တစ်ဖက်စီမှ နှစ်ရာ့ငါးဆယ်စီမျှသော စစ်သည်တို့ တရားသံဝေဂရရှိကာ အပါးငါးရာတို့ ရဟန်းဘောင်ဝင်ပြီး ကိလေသာစင်လျက် ရဟန္တာအဖြစ်ရောက်သွားကြ၍ မြတ်စွာဘုရားနှင့်အတူ မဟာဝုန်တောသို့ ကြွမြန်းကြပါသည်။

နယုန်လပြည့်နေ့ ညဦးယံတွင် ယင်းရဟန်းငါးရာနှင့်အတူ စကြဝဠာတိုက်တစ်သောင်းမှ လူနတ်ပြဟ္မာအပေါင်းတို့အား ငြိမ်းချမ်းရေးတရားတော် မဟာသမယသုတ်တော်ကို ဟောကြားတော်မူပါသည်။

မဟာသမယသုတ်တော်ကို အောက်ပါအတိုင်း ခြောက်သုတ်ခွဲခြား မှတ်သား၍အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

(၁) လောဘရမ္မက် ရာဂတပ်မက်မှုကင်းဝေးစေရေးအတွက် "သမ္မာပရိဗ္ဗာဇနိယသုတ်"

(၂) ရန်ငြိုးကင်းရှင်း မေတ္တာပွားများစေ၍ ဒေါသကင်းဝေးစေရေးအတွက် "ကလဟဝိ ဝါဒသုတ်"

(၃) မောဟစရိုက်ကဲသူတို့အား အမောဟပညာပွား၍ အသိဉာဏ်များကောင်းမွန်ပွားများနေရေးအတွက် "မဟာဗျူဟသုတ်"

(၄) အမြင်ချင်းမတူ တစ်ယူသန်ငါစွဲနေသူတို့ကို တစ်ဦးနှင့်တစ်ဦး ညင်သာပျော့ပျောင်း ပွင့်လင်းချစ်ခင်ကျေအေးညှိနှိုင်းစေရေးအတွက် "စူဠဗျူဟသုတ်"

(၅) ယုံကြည်မှု သဒ္ဓါမညီမျှသူတို့အတွက် ကြောင်းကျိုးမှန်တရား၌ သက်ဝင်ယုံကြည်ရေးအတွက် "တုဝဋ္ဋသုတ်"

(၆) ပညာမာနဝင့်ဝါသူတို့အတွက် အမှားအမှန်ဆင်ခြင်ပိုင်းခြားနိုင်ရေးအတွက် "ပုရာဘေဒသုတ်" တို့ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်က ဘုရားရှင်ကိုယ်တော်မြတ်ဆုံးမဟောကြားတော်မူခဲ့သည့် ဤနယုန်လပြည့်နေ့ အခါသမယ၏ မဟာသမယသုတ်တော်လာ သြဝါဒကထာကို လိုက်နာလျက် ယနေ့အချိန်အခါတွင် အမိမြန်မာနိုင်ငံတော် ကြီး၌ ငြိမ်းချမ်းရေးအတွက် အတူလက်တွဲရန် ကြိုးပမ်းဖော်ဆောင်နေကြသည့် ညီအစ်ကို နောင်ရင်းတို့ တစ်ဦးနှင့်တစ်ဦး သံသယကင်းအချင်းချင်းပေါင်းစည်းလျက် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြတော့မည်ဟု ယုံကြည်ပါသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်လျက် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးမြင့်မားစေရန် ဖော်ဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဆွေးနွေးပွဲစကားဝိုင်းများမှတစ်ဆင့် စစ်မှန်သောငြိမ်းချမ်းရေးရယူ၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ငြိမ်းချမ်းနိုင်စေရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဒုတိယသမ္မတနှစ်ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက်လည်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးတွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တွေ၊ တပ်မတော်မှ တိုင်းမှူးတွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသားတွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားတွေ ပါဝင်ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်နေပြီ ဖြစ်သည်။

မေလ ၁၂ ရက်နေ့ နိုင်ငံတော်သမ္မတရုံး၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများ ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မြွက်ကြားသည့် နိုင်ငံတော်သမ္မတကြီး၏ နိဂုံးချုပ်အမှာစကားတွင်. . . .

"တိုင်းပြည်တည်ငြိမ်အေးချမ်းမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဥက္ကဋ္ဌများအနေဖြင့်လည်း အားသွန်ခွန်စိုက်ပါဝင်ကူညီ လုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးဆွေးနွေးနေကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ဥပဒေနှင့်အညီ တတ်နိုင်သမျှ အားပေးကူညီကြစေလိုကြောင်း၊ စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး အမှန်တကယ် ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်စေတနာကို နားလည်သဘောပေါက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း" ဖြင့် ပြောကြားခဲ့ပါသည်။

ထူးမြတ်သည့်လနယုန်သည် သင်းပျံ့သည့် စံပယ်၊ မြတ်လေးပန်းတို့၏ အမွှေးရနံ့ မိုးဦးပန်းတို့ဖြင့် ပြည်သူတို့အား နွေနှောင်းကာလ ပူလောင်မှုကို အေးချမ်းစေသည့်နည်းတူ ဗုဒ္ဓဘာသာဝင်တို့၏ မဟာသမယ နေ့ထူးနေ့မြတ် ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ကြပါစေ၊ မဟာသမယသုတ်တော်လာအတိုင်း ငြိမ်းချမ်းရေးရရှိမှသာ ပြည်သူတို့ဆန္ဒ ပြည်သူတို့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်သူတို့ဘဝ တည်ငြိမ်အေးချမ်းဖွံ့ဖြိုး တိုးတက်၍ ကြွယ်ဝချမ်းသာရေးလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




## ထောက်ပံ့ပေးအပ်

ညောင်လေးပင်မြို့မဈေး၊ ပြွန်တန်ဆာဈေး၊ မဒေါက်ဈေးနှင့် ပိန်းဇလုပ်ဈေးတို့ရှိ ပျံကျဈေးသည် ၂၄၁ဦး၏ ကျောင်းနေသားသမီးများအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ရက်က ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)



## ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရေးပညာပေးဟောပြော

**နတ်တလင်း ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်ဖမ်းဆီးခြင်း (၁၂၁)ကြိမ် ၂၃၃ ဒသမ ၁၉၀၄ တန်ကို လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း (၉)ကြိမ် ၁၃ ဒသမ ၄၁၄၂ တန်ကို လည်းကောင်း ဖမ်းဆီးရမိပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျှော့ချရေး၊ ကျူးကျော်လယ်ယာပပျောက်ရေး၊ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရေးနှင့် ကျေးလက်အိမ်ရာထူထောင်ရေး စိုက်ခင်းများတည်ထောင်ရေး ပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ပညာပေးဟောပြော**

မေ ၂၁ ရက်တွင် စမ်းကြီးကျေးရွာ၌ လည်းကောင်း၊ ၂၂ ရက်တွင် မန်ကျည်းပင်ကျေးရွာ၌ လည်းကောင်း၊ ၂၃ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း ဦးစီးအရာရှိ ဦးခင်မောင်ကျော်နှင့် သစ်တောဝန်ထမ်းများက ဟောပြောခဲ့ပြီး ဆက်လက်၍ ကျွန်းကလေးကျေးရွာအုပ်စုနှင့် ကျောက်ခွက်ကျေးရွာအုပ်စုတို့တွင် ပညာပေးဟောပြောပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ) (သတင်းစဉ်)**



◆ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်ရာတွင် တက်သိမ်းအင်းနှင့် တောင်သမန်အင်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော နတ်ရွာကုန်း၊ သာယာကုန်း၊ ဆေးရိုးစု၊ ရောထွန်း(၁)၊ ရောထွန်း(၂)၊ သရက်တန်း (တောင်)၊ သရက်တန်း (မြောက်)၊ သာယာအေး၊ တဲနံ့သာ၊ရွာသစ်၊ နွားနို့တောစု၊ တောင်သမန်၊ ဆီမီးထွန်း၊ ထန်းတော၊ အိုးဘိုနှင့် ဆုံအိုး ကျေးရွာများမှ ရေလုပ်သားများနှင့် ကျေးရွာသူကျေးရွာသားများအား ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များက သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ ဆက်လက်အားကောင်းမည်

**နေပြည်တော် ဇွန် ၃**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင် ၅ ဒသမ ၈၃ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ၈၆ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၄ခုနှစ်၊နယုန်လပြည့်နေ့ (ဥပုသ်နေ့)**
**၄-၆-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၄၀ နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့)တရားတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၊ သာသနမူလိကာရာမတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ)၏ ငြိမ်းချမ်းညီညွတ်ရေးရ မဟာသမယအခါတော်နေ့ တရားတော်
- ၈:၄၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

**ညပိုင်း**

- ၄:၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၂၅ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယနေ့ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့တရားတော်
- ၆:၀၀ ညနေခင်းသတင်း
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၈:၀၀ - ပြည်တွင်းသတင်း
- - နိုင်ငံတကာသတင်းများ
- - မိုးလေဝသအခြေအနေ

# ရှေးဟောင်းလက်ရာ အပ်နှံပါ ကိုယ်လည်းအကျိုးရ ပြည်လည်းလှ

ကိုအောင်

နေပြည်တော် ဇွန် ၃

ရှေးဟောင်းလက်ရာများဖြစ်သည့် ဆေးကျမ်း၊ ငွေစာရင်းမှတ်စုနှင့် ဆေးမင်ကြောင်ပုရပိုက်များ၊ ကျောက်ခေတ်နှင့်ကြေးခေတ် လက်ရာများ၊ သံခေတ်လှံများ၊ ဟံသာဝတီခေတ်အလေးများ၊ ကုန်းဘောင်ခေတ်မြေဆေးတံများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့ခြင်းကြောင့် အပ်နှံသူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာအုပ်စု အုပ်အင်းရပ်နေ ဦးအောင်ဝင်းအား မေ ၂ ရက်တွင် နိုင်ငံတော်ကချီးမြှင့် ငွေကျပ် ၈၁၉၆၅၀ ပေးအပ်ခဲ့ကြောင်း ဝမ်းမြောက်ဖွယ် သိရှိရသည်။

အလားတူသတင်းမျိုး မကြာခဏကြားသိရခြင်းကြောင့်လည်း ဂုဏ်ယူဝမ်းမြောက်ခြင်းပို၍ ပို၍ ဖြစ်ရသည်။

ရှေးဟောင်းလက်ရာဟူသည် ယင်းလက်ရာပေါ်ထွန်းရာဒေသ၊ လက်ရာသွန်းလုပ်သည့်ကာလ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခြေအနေအရပ်ရပ်ကို ဖော်ထုတ်ပြသလေ့ရှိသည်ပင်။

မြန်မာတို့၏ ရှေးဟောင်းအနုပညာလက်ရာ အမွေအနှစ်ပစ္စည်းများသည် ရှေးမြန်မာလူမျိုးတို့၏ လူနေမှုစရိုက်၊ လူနေမှုပုံစံ၊ ယဉ်ကျေးမှုအဆင့်အတန်း၊ ဘာသာတရား ကိုးကွယ်ယုံကြည်မှု စသည် စသည်တို့ကို လှစ်ဟပြသနေကြောင်း သမိုင်းသုတေသီအားလုံးက တညီတညွတ်တည်းဖွင့်ဆိုကြသည်။

ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနက နိုင်ငံအနှံ့အပြား၌ပျံ့နှံ့နေသည့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းလက်ရာဝတ္ထုပစ္စည်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် စုစည်းကာထိန်းသိမ်းလျက်ရှိသည်။

ယင်းသို့စုစည်းထိန်းသိမ်းသည့် နည်းလမ်းများအနက် ရှေးဟောင်းလက်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းအကဲဖြတ်အဖွဲ့ကစစ်ဆေးပြီး အဆိုပါရှေးဟောင်းလက်ရာပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုးနှင့် ခေတ်ကာလတန်ဖိုးများကိုပါ ထပ်ဆောင်းကာ ဂုဏ်ပြုဆုကြေးငွေများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးခြင်းတစ်ခု အပါအဝင်ဖြစ်သည်။

ထို့ပြင် အဆိုပါရှေးဟောင်းပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် ရရှိပါက နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးဆောင်ရွက်လျက်ရှိခြင်း၊ ယဉ်ကျေးမှု အနုပညာတန်ဖိုးမြင့်မားသည့် ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင် သယ်ယူပို့ဆောင် လွှဲပြောင်းရောင်းချခြင်းမရှိရလေအောင်လည်း ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းလျက်ရှိခြင်းတို့ဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းလက်ရာပစ္စည်းများကို လက်ဝယ်ရှိသူ၊ လာရောက်အပ်နှံသူအနေဖြင့် အဆိုပါရှေးဟောင်းလက်ရာပစ္စည်းများကို မိမိလက်ဝယ်သိမ်းဆည်းထားခြင်းထက် နိုင်ငံတော်သို့ အပ်နှံသိမ်းဆည်းခြင်းက ပိုမိုလုံခြုံစိတ်ချရသည့်အပြင် အပ်နှံသည့်အတွက် ထိုက်သင့်သည့်ဆုကြေးဖြင့် မိမိလည်း အကျိုးရရှိစေသည်။ နိုင်ငံတော်အနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိတိုင်းပြည်၏ ရှေးဟောင်းအနုပညာကြွယ်ဝမှုပုံရိပ်ကို နိုင်ငံတကာမျက်နှာစာတွင် ပိုမိုတင့်တယ်စွာ ပြသနိုင်စေမည့် အလှဂုဏ်ကို ရရှိစေမည်ဖြစ်သည်။

နိုင်ငံတော်က အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်တွင် "ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ"ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းတွင် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းလက်ရာဝတ္ထုပစ္စည်းများ မပျောက်မပျက်ရှိနေစေရေး၊ ဘိုးဘွားပိုင်အမွေအနှစ်မို့ လူတိုင်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် အသိအမြင် တိုးပွားလာစေရေးတို့အတွက် ရှေးဟောင်းလက်ရာများနှင့် ဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက် ရှိနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးက ရှေးဟောင်းလက်ရာဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိ၊ ရရှိလာပါက အဆိုပါပစ္စည်းများကို နိုင်ငံတော်သို့ တာဝန်သိပြည်သူတစ်ဦးအနေဖြင့် အပ်နှံကြစေလိုကြောင်း၊ မိမိအကျိုး၊ နိုင်ငံဂုဏ်ကျက်သရေအလှကို မှတ်ကျောက်တင်ခံစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးရေးသားအပ်ပါသည်။

# သတင်း၊ ဆောင်းပါးများ ရေးသားပေးပို့နိုင်

နေပြည်တော် ဇွန် ၃

မြန်မာ့အလင်းသတင်းစာကို ယခုအခါ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲထုတ်ဝေလျက်ရှိရာ မြို့နယ်သတင်းထောက်များသည် သတင်းထောက်အမှတ်များဖော်ပြ၍လည်းကောင်း၊ သတင်း၊ သတင်းဓာတ်ပုံ၊ သတင်းဆောင်းပါးနှင့် ဆောင်းပါးများပေးပို့လိုသော ဝါသနာရှင်များသည် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်ရှိက ဖော်ပြ၍လည်းကောင်း မိမိတို့မြို့နယ်များအတွင်း ဖြစ်ပွားလျက်ရှိသော လူမှုရေး၊ စီးပွားရေးသတင်းများ၊ သဘာဝဘေးအန္တရာယ်သတင်းများအပြင် ထူးခြားဖြစ်စဉ်သတင်း၊ ဓာတ်ပုံများကို မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt@gmail.com နှင့် ဖက်စ် ၀၆၇-၃၆၁၄၆ တို့သို့ ပေးပို့နိုင်ကြပါသည်။ (စာတည်းအဖွဲ့)



မေ ၃၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပွဲအခမ်းအနားကို မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဝန်ထမ်းသားသမီးကျောင်းသားကျောင်းသူ ၁၉ ဦးတို့အတွက် ငွေကျပ် ၂၀၀၅၀၀တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။ (၀၄၄)



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၅၁/၂၄ (၂)ရပ်ကွက် ရွှေပြည်စိုးလမ်းနေ ဦးသိုက်ထွန်း(ငြိမ်း) လက်ထောက်အထွေထွေမန်နေဂျာ (လယ်/ထွက်ကုန်၊ ကုန်သွယ်လယ်ယာ) ဇနီး ဒေါ်ခင်မြတ်ပို၊ သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မြင့်မေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

# ပုံကျစျေး ချေးငွေအသင်းသားများ၏ သားသမီးများအား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

ပင်လောင်း ဇွန် ၃

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပုံကျစျေး ချေးငွေအသင်းဝင် ပုံကျစျေးသည်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထိန်လင်းက အမှာစကားပြောကြားပြီး ပုံကျစျေး ချေးငွေအသင်းသားများ၏ သားသမီး ၁၀၈ ဦးအတွက် တန်ဖိုးငွေကျပ် ၄၃၂၀၀၀ ရှိ ကျောင်းဝတ်စုံ ၁၀၈ စုံကို အမှုဆောင်အရာရှိ ဦးထိန်လင်းနှင့် ဈေးကော်မတီဦးကျော်စိုးတို့က ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

# ရေကြည် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရေကြည် ဇွန် ၃

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၈ နာရီက အထက ရေကြည် တေဇာသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး(စစ်ဆေးရေး)ဦးအောင်ကျော်ထွန်းက ပညာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီများအုပ်စု ရောဝတီ ဖောင်ဒေးရှင်း အတွင်းရေးမှူး ဆရာကြီး ဦးကြည်သန်းက အလှူငွေပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူ ၁၀၀၀ အတွက် နိုင်ငံတော်မှသတ်မှတ်သည့် ကျောင်းဝင်ကြေးနှင့် စာရေးကိရိယာတန်ဖိုး ငွေကျပ် ၅၇သိန်းကို လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများက ဗလာစာအုပ် ဒါဇင် ၄၂၀ တို့ကို လှူဒါန်းကြရာ အထကရေကြည် ကျောင်းအုပ်ဆရာမကြီးဒေါ်စိန်မာအေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

**(မင်းဇော်ဦး-ရေကြည်)**

# အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ သထုံ၌ အခမဲ့ကွင်းဆင်းဆေးကုသ

သထုံ ဇွန် ၃

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဆရာများပါဝင်သောအဖွဲ့တို့သည် မေ ၂၈ ရက်က သထုံမြို့နယ် မရမ်းကုန်းကျေးရွာ အထက(ခွဲ)မရမ်းကုန်း၌ အခမဲ့ကွင်းဆင်းဆေးကုသပြီး ကျန်းမာရေးအသိပညာပေးဟောပြောကြသည်။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ခရိုင်ဆေးရုံကြီးမှ ကလေးအထူးကု ဒေါက်တာဒေါ်မြင့်ရီက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဒေါက်တာ အောင်သူဇင်က ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းသိကောင်းစရာများကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ယင်းနောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က ငွေကျပ် နှစ်သိန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က ငွေကျပ်နှစ်သိန်းတို့ကို သထုံခရိုင်ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ တင်မောင်ညွန့်က လက်ခံယူသည်။

အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသရာသို့ ကျေးလက်နေပြည်သူ ၁၀၃၄ ဦး လာရောက်ဆေးကုသမှုခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

# ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ ယင်းမာပင်မြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

ယင်းမာပင် ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့၌ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်ကအမှာစကားပြောကြားသည်။ ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်တင်ကအမှာစကားပြောကြားပြီး ကလေးဗဟိုပြုချဉ်းကပ်မှုဆိုင်ရာ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်း စည်းကမ်းချက်များကို တိုင်းဒေသကြီးနည်းပြ ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ ကလေးဗဟိုပြုချဉ်းကပ်မှုဆိုင်ရာ (CCA) လုပ်ငန်းနှင့်ဖြစ်စဉ်များကို တိုင်းဒေသကြီးနည်းပြ ဦးဆန်းမြင့်လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**



# မှုခင်းသတင်း

မြန်မာ့အလင်း မှုခင်းသတင်း ၃-၆-၂၀၁၂

## ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှု သော့လက်ခံထားရှိသူ အရေးယူခံရ

မေ ၂၈ ရက် နံနက် ၉ နာရီခန့်က ကျုံပျော်မြို့နယ် အင်းရဲကျေးရွာနေ မအေးဝါ ၃၉ နှစ်(ဘ-ဦးကုလား)သည် သောင်ကြီးဈေးမှ ဈေးဝယ်ပြီး အပြန် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ ရွှေထည်လက်ကောက် လေးကွင်း၊ ရွှေဘယက်တစ်ကုံးကို ကော်ဘူးအနီဖြင့် ထည့်သွင်း၍ ဆိုင်ကယ်ထိုင်ခုံ အောက်အံထဲ၌ သော့ခတ်သိမ်းဆည်းခဲ့ပြီး အဆိုပါဆိုင်ကယ်နှင့်သော့ကို ကျုံပျော် ဖတ်ကြီး ကုန်းကျေးရွာနေ မဌေးဝင်း ၃၀ နှစ်(ဘ-ဦးသန်းမောင်)ထံအပ်နှံထားခဲ့သည်။ မေ ၂၉ ရက် နံနက် ၆ နာရီတွင် မအေးဝါက ဆိုင်ကယ်လာရောက်ယူသည့်အခါ ဆိုင်ကယ်နောက်ထိုင်ခုံအောက်၌ သော့ခတ်သိမ်းဆည်းထားရှိသောရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်းသိရှိရသဖြင့် ဆိုင်ကယ်နှင့်သော့ လက်ခံသိမ်းဆည်းထားသူ မဌေးဝင်းအား အရေးယူပေးပါရန် မအေးဝါ၏ တိုင်တန်းချက်အရ အထောင်ရဲစခန်းမှ ဖမ်းဆီးအရေးယူစစ်ဆေးလျက်ရှိကြောင်းသိရသည်။ (၀၇၇)

## မော်လူး၌ ပဒေသာဇာတ် ကပွဲကျင်းပစဉ် လူသေမှုဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းအပိုင် ဟဲနုကျေးရွာ တပ်ဦးစေတီအနီး၌ ကျင်းပသော ပဒေသာဇာတ်ပွဲကွင်းတွင် မေ ၂၉ ရက် နံနက် ၉ နာရီခွဲက လူတစ်ဦးသေဆုံးနေကြောင်း သတင်းရ၍ မော်လူးရဲစခန်းမှူးနှင့်အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အောင်မင်းစိုး အသက်(၄၂)နှစ် (ဘ)ဦးခင်မောင် ဟဲနုရွာနေသူဖြစ်ပြီး မေ ၂၈ ရက်ညပိုင်းက အခင်းဖြစ်ရာ နေရာနှင့် ကိုးမိုင်ခန့်ဝေးသော တုံးလုံရွာမှ လူငယ်အချို့က ပွဲခင်းအတွင်း၌ ဝိုင်းဝန်းထိုးကြိတ်ပြီး ကျောက်ခဲနှင့် ဦးခေါင်းကိုထုခဲ့သဖြင့် ဦးခေါင်းညာဘက်အခြမ်းကွဲကာ ဦးနှောက်အတွင်းအပြင် သွေးယိုထွက်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၄၉)

# မြဝတီရုပ်မြင်သံကြား

၄-၆-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | ဇာတ်လမ်းတို |

**ညပိုင်း**

| | |
|---|---|
| ၄း၁၅ | စိုက်ပျိုးသုတ |
| ၅း၂၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်ဒုတိယတွဲ** (အပိုင်း-၅) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၄၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁၉) |

**ဓာတ်ဆီဖြည့်မှု သတိပြု**

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့်ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့်လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

KMD Computer Centre
လှည်းတန်း Centre
:: i-Office 2010 :: i-Office 2010(Advance) Enroll Now!
:: 10 Days Office Course:: Graphic Design
:: Desktop Publishing :: AutoCAD 2D/3D(Version-2012)
:: Basic Software Engineering :: Web Builder :: Practical A+
:: Excel in Business Application :: LCCI Computerised Accounting

VICTORIA UNIVERSITY COLLEGE
IGCSE HND Hons: Degree
Construction and the Building Environment (Civil Engineering)
Electrical and Electronic Engineering
Mechanical and Manufacturing Engineering
Business (HR/ Management/ Marketing)
Computing and System Development
Health & Social Care
Environmental Study
VICTORIA UNIVERSITY COLLEGE
MMB Campus

## သာကေတမြို့နယ် အမက(၄) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမက(၄)တွင် ၁၉၆၀ခုနှစ်မှ ၂၀၀၀ခုနှစ်အထိ တာဝန်မှ အငြိမ်းစားယူပြီးသော ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၈-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပရန် စီစဉ်ထားပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အောက်ပါဖုန်းနံပါတ်များသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။ အာစရိယပူဇော်ပွဲသို့ တက်ရောက်မည့် ဆရာကြီး၊ ဆရာမကြီးများလည်း အမြန်ဆုံးဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆရာမ ဒေါ်ခင်ဆွေဝင်း ဖုန်း-၅၄၃၉၃၀၊ ဆရာမ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၀၉-၅၀၅၉၃၉၀၊ ဆရာမဒေါ်ကြည်ကြည်အေး ဖုန်း-၀၉-၄၂၁၀၇၉၁၁၈၊ ဦးမြင့်ကြိုင် ဖုန်း-၀၉-၅၀၉၅၄၇၇၊ ဦးဘငြိမ်း ဖုန်း-၀၉-၅၁၄၀၈၈၁၊ ဦးကျော့မောင် ဖုန်း-၀၉-၇၃၁၆၇၄၈၇၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၅၁၈၇၀၉၁၊ ဦးမောင်မောင် ဖုန်း-၅၅၁၆၇၀ ၊ ဦးအောင်ဝင်းနိုင် ဖုန်း-၀၉-၇၃၁၂၆၆၃၀နှင့် ဦးဝေလင်း ဖုန်း-၀၉-၇၃၀၄၅၃၄၅တို့သို့ ဆက်သွယ်နိုင်ကြပါသည်။

(1) Junction Ph:571545, 09-5126882
(2) Ph:200917,09-5126882
(3) Ph:566592, 09-5011124

သားသမီးကို ချစ်လျှင်
20% Discount

စိတ်ကောင်းကြည်လင်

☎ : 09-43334111
☎ : 09-43334222

For The National Interest.
THE NATION
News Journal

## စီမံချက်သုံးပစ္စည်းများဝယ်ယူရန် ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ Medecins Du Monde(MDM) ကမ္ဘာ့ဆရာဝန်များအဖွဲ့သည် ဖျာပုံခရိုင်တွင် ဆောင်ရွက်လျက်ရှိသော JIMNCH စီမံချက်အတွက် အောက်ဖော်ပြပါ စီမံချက်သုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (1) | Solar Refrigerator | -3 Units |
| (2) | Cold Storage Boxes | -20 Units |
| (3) | Freezer | -1 Unit |
| (4) | Generator(10KV) | -1 Unit |
| (5) | Voltage Regulator(10KV) | -2 Units |
| (6) | Furniture | -10 Items |
| (7) | Health Products | -48 Items |
| (8) | IT Equipments | -8 Items |
| (9) | Medical Equipments | -58 Items |
| (10) | Office Equipments | -14 Items |
| (11) | Incinerator | -1 Unit |
| (12) | Boats | -12 Units |
| (13) | Motorbike | -2 Units |
| (14) | Bicycles | -15 Units |

၂။ ဈေးနှုန်းလွှာပုံစံကို ၁၅-၆-၂၀၁၂ရက် မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ ဈေးနှုန်းလွှာပုံစံနှင့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်ကို အောက်ပါလိပ်စာတွင် နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း စုံစမ်းတောင်းယူနိုင်ပါသည်။

**Medecins Du Monde (MDM)**
**အမှတ် ၄၇(ခ)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၉၀၁၈၇၊ ၀၁-၅၄၂၈၃၀**

### အမည်ပြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဖြုတ်ခွဲရွာနေ ဦးမြင့်စိုး-ဒေါ်သန္တာတို့၏သမီး ဖြုတ်ခွဲအထက (၁၅)မှ မရည်မြတ်မွန်အား မယဉ်မြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

### မိခင်အမည်မှန်

ပင်လုံမြို့၊ အမက(၂)၊ စတုတ္ထတန်းမှ မဇေကရီ၏ မိခင်အမည်မှန်မှာ ဒေါ်မိုးသီတာဟန် ၁၃/လလန(နိုင်)၀၁၄၉၂၂ ဖြစ်ပါကြောင်း။

**ဒေါ်မိုးသီတာဟန်**

### အမည်ပြောင်း

ရေတာရှည်မြို့နယ်၊ မြို့လုနေ၊ ဦးညွန့်မောင်-ဒေါ်ခင်ထူးတို့၏သမီး မနေခြည်ငွေး ၈/ပခက(နိုင်)၁၆၅၆၂၈ အား မနေကြည်ငွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းသော်ထက်၏ 4 Ticket လက်မှတ် Certificate No. 2086/11 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၁-၆၆၃၁၄၀**

### တစ်ဦးတည်းဖြစ်ကြောင်း

စောဂျေရှမ်း(ခ) စောညာဏ်ထွဋ်၏မိခင် နော်ဖရီးဒါး(ခ) ဒေါ်ရှိဇာမှာ တစ်ဦးတည်းဖြစ်ကြောင်း။

### အမည်မှန်

ဦးမောင်စော၏သမီး မဝင့်ရင်ထက် ၁၀/မလမ(နိုင်)၂၂၆၁၄၉၏ အမည်မှန်မှာ မဝင့်ယဉ်ထက် ဖြစ်ပါကြောင်း။

**မဝင့်ယဉ်ထက်**



PRO
PROFESSIONAL EXERCISE BOOK
( IV - ၁၀၀၉၅/၂၀၀၀ )
Exercise Book
YE NOOS & ASSOCIATES (Law Firm)

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်၂၆၄/က၊မြေကွက်တည်နေရာအမှတ်(၂၆၄/က)၊ ၂၉လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပဦးလှရွှေအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှရွှေနှင့်ဇနီးဒေါ်မေသင်းရီကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဝင်း၁၂/ဥကတ(နိုင်)၀၆၅၄၈၄က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၃ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ အမှတ် ၁၂၀ဟုခေါ်တွင်သော ဦးစိုးကြည်-ဒေါ်ခင်ကြည် အမည်ပေါက် မြေတိုင်းရပ်ကွက်အမှတ်၂၅၊ လူနေရပ်ကွက်အမှတ်၅/၃၊မြေကွက်အမှတ်၁၂၀၊ ဧရိယာပေ(၄၀×၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ကြူ ၁၂/အစန(နိုင်)၁၁၃၇၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Pioneer Law Firm**

**ဦးမင်းသိန်းဇော် (သောကြာ)** LL.B., D.B.L (စဉ်-၂၉၉၇၁)၊
**ဒေါ်တင်ဇာကျော်** LL.B., D.B.L, D.M.L (စဉ်-၃၁၉၇၅)

**အထက်တန်းရှေ့နေများ**
အမှတ် ၁၃၂၊ ဒုတိယထပ်၊ ၃၃လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၉၅၈၀၂၅၈၊ ၀၉-၄၃၀၈၁၀၉၅

## ကျေးဇူးအထူးတင်ရှိပါကြောင်း

ကွယ်လွန်သူ ဦးချစ်လွင် နာမကျန်းဖြစ်စဉ် စေတနာဖြင့် ကုသပေးခဲ့သော သဃ်န်းကျွန်းစံပြဆေးရုံကြီး အစာအိမ်၊ အူလမ်းကြောင်း၊ အသည်းအထူးကုဌာနမှ ပါမောက္ခဒေါက်တာဒေါ်သန်းသန်းအေးနှင့် ဆရာဝန်များအားလုံး၊ စစ္စတာကြီး ဒေါ်တင်တင်နှင့် ဆရာမများ ဝန်ထမ်းများ ကူညီပေးကြသော ဆေးရုံအခန်းတွင်းရှိ အစ်ကိုကြီး၊ ညီငယ်၊ မောင်ငယ်များနှင့် ဟန်စိန်သန့်ကုမ္ပဏီမှ ပိုင်ရှင်ဦးသန့်ဇင် သူငယ်ချင်း ဦးသန်းထွန်းဦး၊ ဦးသိန်းဝင်း၊ ဦးတင်ထွန်း၊ ဦးစောဝင်းနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံး၊ ကြည်လင်ဗီးရှင်း (မျက်မှန်ဆိုင်) ပစ်တိုင်းထောင်၊ (လက်ဖက်ရည်ဆိုင်)၊ အောင်ဖုန်းမြင့်(လျှပ်စစ်ပစ္စည်း)နှင့် အဘက်ဘက်မှ ကူညီကြသော ဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်မြင့် (ပုသိမ်)**
**(မြန်မာမှုဗိသုကာပညာရှင်)**
**အသက် (၇၇)နှစ်**

ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း၊ ညွှန်ကြားရေးမှူး၊ စီမံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း)-ဒေါ်ခင်နန်းဦး (လမင်းအိမ်စာပေ)တို့၏ဖခင်သည် ၂၉-၅-၂၀၁၂ ရက် နံနက် ၃း၄၅ နာရီတွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးကြီးထင်ဇော်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်အေးချိုမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စောညွန့်**
**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် ၄ လမ်း၊ တိုက် ၁၊ အခန်း ၁၀၂နေ ဒေါ်စန်းစန်းလှိုင် (မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)-ဦးမိုးဇော်ဦးတို့၏ချစ်လှစွာသောမိခင် ဒေါ်စောညွန့်သည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းရုံးချုပ်**
**ရုံးခွဲများ၊ လုပ်ကွင်းများမှဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/တောင်၊ မြေကွက်အမှတ်၁၁၆၁/က၊ မြေကွက်တည်နေရာအမှတ်၁၁၆၁/က၊ သုမနလမ်း၊ (၂)ရပ်ကွက်၊သာကေတမြို့နယ်ဒေါ်ကွေး၊ ဒေါ်သန်းအေးအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် ဒေါ်ကွေးကွယ်လွန်သဖြင့် ဒေါ်အေးသီတာမြင့်၁၂/သကတ(နိုင်)၀၀၅၅၉၁ကကိုတ္တိမမွေးစားသမီးတော်စပ်ကြောင်းမွေးစားစာချုပ်၊သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ကျန်ပူးတွဲအမည်ပေါက်သူဒေါ်သန်းအေးနှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅**
**ကွယ်လွန်သူ ဦးကျော်ဖံ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်(၄)အကွက်၊ မြေတိုင်းအကွက်(၁၇)၊ နန္ဒဝန်တောင်ရပ်၊ ဦးပိုင်အမှတ် ၄၀၊ မြေကွက်အမှတ် ၉၉/၁၂၆၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးကျော်ဖံ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ဒေါ်ငွေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၂ခုနှစ် ဇွန် ၁၅ရက် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော်၁၁ရက်)တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးကျော်ဖံ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်ဆိုပါက ချိန်းဆိုထားသော ၂၀၁၂ခုနှစ် ဇွန် ၁၅ရက် (၁၃၇၄ခုနှစ် နယုလပြည့်ကျော်၁၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။

ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန်ပျက်ကွက်ခဲ့ပါလျှင် တရားရုံးက လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၂ခုနှစ် မေ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝါဝါထွန်း**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## (၂၁)နှစ်မြောက် လွမ်းဆွတ်သတိရခြင်း

**ဦးမောင်ညွန့်**
**(လဝကမှူး၊ စစ်တွေ)**
**၄-၆-၁၉၉၁ မှ ၄-၆-၂၀၁၂**

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားခဲ့တာ (၂၁)နှစ်မြောက်ရှိပြီဖြစ်သော်လည်း ပါပါရဲ့ မိသားစုအပေါ်ကြီးမားလှတဲ့ ကျေးဇူးနဲ့မေတ္တာတရားတွေကို ယနေ့တိုင် အောက်မေ့သတိရ လွမ်းဆွတ်နေကြဆဲပါ။ ပါပါအားရည်စူး၍ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဆွမ်းပဒေသာပင် လှူဒါန်းခြင်းနှင့် ဆွမ်း၊ သင်္ကန်းဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကောင်းမှုတို့အား အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး - ဒေါ်စိန်ဖြူ**
**သမီး - မကြည်ကြည်**
**သား - မောင်ကျော်သန်း**
**သမီး - မလှလှကြည်**
**သား - မောင်လှဝင်း(ခေတ္တ- စင်ကာပူ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ယဉ်မေ**
**(ပျဉ်းမနား)**
**အသက် (၇၂)နှစ်**

တောင်ငူတက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိက ဒေါ်ဝါဝါဦး၏မိခင်သည် ၂၅-၅-၂၀၁၂ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာမာမာဝေ(ပါမောက္ခ၊ဌာနမှူး)နှင့်**
**မြန်မာစာမိသားစု၊ တောင်ငူတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသာထွန်းအောင် (တာဝန်ခံပါမောက္ခချုပ်၊ ကျိုင်းတုံတက္ကသိုလ်) အသက်(၅၈)နှစ်သည် ၁၈-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာစိန်ထွန်း(တာဝန်ခံပါမောက္ခချုပ်)နှင့်**
**ဗန်းမော်တက္ကသိုလ်မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၊ မြေကွက်အမှတ်၂၆၊ မြေကွက်တည်နေရာအမှတ်၂၆၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း MGN-၀၈၈၉၆၄ ကွယ်လွန်သဖြင့် ဒေါ်ဆွေဆွေဝင်း ၁၂/ကမရ(နိုင်)၀၂၈၄၃၆က တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာငွေအောင်ဝင်း**
**ဒုတိယပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်**
**အသက် (၆၀)**

မိတ္ထီလာတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာငွေအောင်ဝင်း အသက်(၆၀)သည် ၁၇-၅-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်**
**တောင်ကြီးတက္ကသိုလ်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာငွေအောင်ဝင်း (ဒုတိယပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်) အသက်(၆၀)သည် ၁၇-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာစိန်ထွန်း(တာဝန်ခံပါမောက္ခချုပ်)နှင့်**
**ဗန်းမော်တက္ကသိုလ်မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်း/အကွက်အမှတ်နှင့် အမည်၄၈၊ စာတိုက် ဦးပိုင်အမှတ် ၁၅၁၊ ဧရိယာ ၀ဒသမ၁၃၉၈ဧကရှိ ဗိုလ်မှူးသန်းအေးအမည်ပေါက် မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တောင်ကြီးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာသာထွန်းအောင်**
**တာဝန်ခံပါမောက္ခချုပ်၊ ကျိုင်းတုံတက္ကသိုလ်**
**အသက် (၅၈)နှစ်**

ကျိုင်းတုံတက္ကသိုလ်၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင် အသက် (၅၈)နှစ်သည် ၁၈-၅-၂၀၁၂ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်**
**တောင်ကြီးတက္ကသိုလ်မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်၁၁၈၇ မူလအမည်ပေါက် ဦးထွန်းခိုင်၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဂွန်ကရား(ခ)ဂံတရာဘာလီ ၁၂/ကတန(နိုင်)၀၅၇၀၁၄ကမြေကွက်စလစ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်၊ အမှတ်၁၈၃နေ ဒေါ်နီနီလှိုင် ၁၃/တကန(နိုင်)၀၆၇၂၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်နီနီလှိုင်နှင့်ဦးစိုင်းဟုတ်တို့သည် အကြင်လင်မယားအဖြစ် (၇)နှစ်ခန့် ပေါင်းသင်းခြင်းမရှိတော့သဖြင့် ခင်ပွန်းအဖြစ်သက်ဆိုင်ခြင်းမရှိကြောင်း၊ စွန့်လွှတ်ကြောင်း ဦးစိုင်းဟုတ်နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စဝ်ဥမ္မာကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၁/၉၉)**
**အမှတ် ၃၂၊ ကျောက်တလုံးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့**

## ကျေးဇူးတင်လွှာ

၂၉-၅-၂၀၁၂ရက်တွင်ကွယ်လွန်သွားသော ဒေါက်တာအိမြတ်မွန် (ဆေး-၂) အသက်(၂၇)နှစ် မမာမကျန်းစဉ် ပြုစုပေးသော သူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှဖုန်းဖြင့်ဆက်သွယ်မေးမြန်းသောဆွေမျိုးမိတ်ဆွေအပေါင်းအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် ကိုယ်တိုင်ကိုယ်ကျလာရောက်၍ ဝိုင်းဝန်းကူညီပေးကြသော OSC နှင့် ရွှေပိတောက်အထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့်တကွ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ရတနာပုံ Blue Ocean Clinicနှင့် PTTEP International Co., Ltd. မှတာဝန်ရှိသူများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထင်ကျော်(ခ)ဦးထွန်းဝင်း**
**(ထားဝယ်)**
**ဌာနခွဲမှူး၊ မထသဌာနခွဲ(၆)၊ ရန်ကုန်တိုင်းဒေသကြီး**
**အသက်(၄၆)နှစ်**

ဒေါ်ခင်သန်းဆင့်၏ခင်ပွန်း ဦးထင်ကျော်(ခ)ဦးထွန်းဝင်းသည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မထသဌာနခွဲ(၄) ဌာနခွဲမှူးနှင့်ဝန်ထမ်းများ**
**ကျောက်တံတားမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်-၂၊ မြေကွက်အမှတ် ၁၀၉၂အမည်ပေါက် ဦးသိန်းဦး၏မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးစိုးဝင်း ၁၂/သလန(နိုင်)၀၄၉၉၅၄က ငွေသွင်းချလန်(မူရင်း)နှင့် မြေကွက်စလစ်(မူရင်း) တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ-၂)၊ မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၈၊ မြေကွက်အမှတ်၁၀၁၁၊မြေကွက်တည်နေရာအမှတ်၁၀၁၁၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးသန်းအေးအမည်ပေါက် နှစ်၆၀ဂရန်မြေအား နှစ်၆၀ဂရန်အမည်ပေါက် ဦးသန်းအေးထံမှ အရောင်းအဝယ်စာချုပ်စာချုပ်အမှတ် ၃၃၃၁/၀၅ / ၁၀-၈-၀၅ ဖြင့် ဦးလှဟန်ကဝယ်ယူ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ်စာချုပ်အမှတ် ၁၅၄၈/၂၀၀၆ / ၂၄-၄-၂၀၀၆ ဖြင့် (၁)ဦးဇော်မင်းထွန်း၊ (၂)ဒေါ်မြမြဝင်းတို့ကဝယ်ယူပြီး ခင်ပွန်း ဦးဇော်မင်းထွန်း(ကွယ်လွန်)သဖြင့် ဇနီးဒေါ်မြမြဝင်း ၁၂/ဥကတ(နိုင်)၀၁၂၉၄၇က ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/၂၊ မြေကွက်အမှတ်၈၈၁၊မြေကွက်တည်နေရာအမှတ်၈၈၁၊ ၂လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်လေးခင်အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်မိခင်ဒေါ်လေးခင်၊ ဖခင်ဦးသိန်းကွယ်လွန်သဖြင့် ဒေါ်တင်တင်လှ ၁၂/မရက(နိုင်)၀၁၆၂၆၉က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်-၁၊ မြေကွက်အမှတ် ၁၂၁၃ မူလအမည်ပေါက် ဦးရာမိုး၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးအာဒီကစ္စတား(ခ)နိုင်လင်း ၁၂/ကတန(နိုင်) ၀၈၂၇၇၉က မြေကွက်စလစ်(မူရင်း) နှင့် ငွေသွင်းချလန်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်-၃၊ မြေကွက်အမှတ် ၂၁၈မူလအမည်ပေါက်(ဒေါ်ကောက်မလှိုင်း) ဦးမရမ်းသီး ၁၂/ကတန(ပြု)၀၀၃၂၄၀က မြေကွက်စလစ်(မူရင်း) တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထင်ကျော်(ခ)ဦးထွန်းဝင်း (ထားဝယ်)**
**ဌာနခွဲမှူး၊ မထသဌာနခွဲ(၆)၊ ရန်ကုန်တိုင်းဒေသကြီး**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ တိုက် ၁၃၊ အခန်း၂၀၁နေ ဒေါ်ခင်သန်းဆင့်၏ခင်ပွန်း ဦးထင်ကျော်(ခ)ဦးထွန်းဝင်း၊ ဌာနခွဲမှူး၊ မထသဌာနခွဲ(၆) ရန်ကုန်တိုင်းဒေသကြီးသည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဌာနခွဲမှူးနှင့် ဝန်ထမ်းမိသားစုများ**
**မထသဌာနခွဲ(၅)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာအိမြတ်မွန်**
**M.B.,B.S. (YGN), MRCPCH (Part 1)**
**အသက်(၂၇)နှစ်**

ဒေါက်တာအိမြတ်မွန် အသက်(၂၇)နှစ်သည် ၂၉-၅-၂၀၁၂ ရက် ညနေ ၀၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**
**O.S.C ဆေးရုံ**

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ယှဉ်ပြိုင် တရုတ်တင်းနစ်မယ် လီနာ အနိုင်ရပြီး နောက်တစ်ဆင့်တက်

**ပါရီ ဇွန် ၃**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇွန် ၃ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်၌ လီနာက ခရစ္စတီးနားမက်ဟေးကို အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။ **(အောက်ပုံ)**

တရုတ်တင်းနစ်မယ် လီနာသည် အမေရိကန်တင်းနစ်မယ် မက်ဟေးအား ၃-၆၊ ၆-၂၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပွဲ၌ လီနာသည် ပထမပိုင်းပွဲစဉ်၌ အမှားများဖြစ်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် နိုင်ပွဲများဆက်တိုက်ရအောင် ကစားနိုင်ခဲ့သည်။



ထို့အတူ အမျိုးသမီး တတိယအဆင့်ပွဲအဖြစ် မာရီယာရှာရာပိုဗာနှင့် တရုတ်တင်းနစ်မယ် ပင်ဟိုင်းတို့ပွဲတွင် ရှာရာပိုဗာက ၆-၂၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။ တစ်ဖန် အမေရိကန်တင်းနစ်မယ် လက်ချင်ကိုနှင့် အီတလီတင်းနစ်မယ် ရှီရာဗွန်တို့ပွဲတွင် လက်ချင်ကိုက ၃-၆၊ ၆-၃၊ ၈-၆ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အပြင် ချက်တင်းနစ်မယ် ဗစ်တိုဗာနှင့် ရုရှားတင်းနစ်မယ် ဘရက်ချီကိုဗာတို့ပွဲတွင် ဗစ်တိုဗာက ၆-၂၊ ၄-၆၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ကာဇက်စတန်တင်းနစ်မယ် ရှက်ဒိုဗာနှင့် စပိန်တင်းနစ်မယ် နာဗာရိုတို့ပွဲတွင် ရှက်ဒိုဗာက ၆-၄၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

အမျိုးသားတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ အင်ဒီမာရေးက ကိုလံဘီယာတင်းနစ်သမား ဂီရာဒိုအား ၆-၃၊ ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရောက်သွားသည်။ တစ်ဖန် ရာဖေးလ်နာဒယ်က အာဂျင်တီးနားတင်းနစ်သမား အက်ဒွါဒိုရှက်ဝတ်အား ၆-၁၊ ၆-၃၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့်သို့တက်ရောက်သွားသည်။ **(အင်တာနက်)**



မြောင်းမြမြို့ဟောင်းအတွင်း ရှေးဟောင်းအုတ်မြို့ရိုးကို ချုံနွယ်ပိတ်ပေါင်းများအကြား၌ တွေ့ရစဉ်။

# မြောင်းမြမြို့ဟောင်း ရှာပုံတော်

သတင်းဆောင်းပါး - လင်းထက်
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

**မြောင်းမြ ဇွန် ၃**

*မြောင်းမြမြို့နယ် မြောင်းမြမြို့ဟောင်းကို ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်ကို ၁၀-၅-၂၀၁၂ ရက်နေ့တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ဖတ်ရှုရသည်။*

*ရှေးဟောင်းမှတ်တမ်းများအရ မြန်မာနိုင်ငံတွင် သုဝဏ္ဏဘူမိမြို့ပြနိုင်ငံတော်တည်ရှိခဲ့ပြီး သုဝဏ္ဏဘူမိမြို့ပြနိုင်ငံတော်အတွင်း သထုံ၊ မုတ္တမ၊ ရန်ကုန်၊ ပုသိမ်၊ မြောင်းမြမြို့တို့ပါဝင်ကြောင်း မှတ်သားခဲ့ရဖူးသည်။*

*စာရေးသူ မြောင်းမြမြို့သို့ သွားရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကူညီစီစဉ်မှုဖြင့် မြောင်းမြမြို့နယ်အတွင်း သန့်ရှင်းသော* **စာမျက်နှာ ၆ ကော်လံ ၁** ▲

# ဘုရင့်နောင်ခုံးကျော်တံတား ဇွန် ၅ ရက်တွင် ပန္နက်တင်မည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ရန်ကုန် ဇွန် ၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လှည်းတန်း ခုံးကျော်တံတား တည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၂ ခုနှစ် မတ် ၁၁ ရက်က ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီးတွင် ကျင်းပခဲ့သည်။

ယခုတစ်ဖန် မြို့တွင်း ဒုတိယ ခုံးကျော်တံတား တစ်စင်းအဖြစ် ဘုရင့်နောင် ခုံးကျော်တံတား တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၅ ရက်နံနက်တွင် ဘုရင့်နောင်လမ်းဆုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် ဘုရင့်နောင်ခုံးကျော်တံတားတည်ဆောက်မည့်နေရာသို့ သွားရောက်၍ လုပ်ရှားလုပ်ကိုင်နေသော အင်ဂျင်နီယာအဖွဲ့ကို တွေ့ဆုံသတင်းရယူခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၅** ❐



ရန်ကုန်-မန္တလေး အမြန်ရထားအထက်တန်းတွဲကို တွေ့ရစဉ်။

# တွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-မန္တလေးရထားများပြေးဆွဲ

သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၃**

မြန်မာ့မီးရထားစီးခရီးသည်များ စိတ်ချမ်းမြေ့ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး အမြန်ရထားများကို တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ့မီးရထား မြစ်ငယ်တွဲပြင်စက်ရုံမှ ပြုပြင်မွမ်းမံထုတ်လုပ်သော ရထားတွဲဆိုင်းအသစ်များဖြစ်ပြီး ရထားစီးခရီးသည်များအား ဝန်ဆောင်မှုတိုးမြှင့်ခြင်းဖြစ်ကြောင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန်

*စာမျက်နှာ ၇ ကော်လံ ၂* ❖

# ကားပိုင်ရှင်အချို့ ကားဟောင်းကို ပြင်ဆင်သုံးလာကြ

➤ ခင်ရတနာ - ရေးသားသည် ➤



*ရန်ကုန် ဇွန် ၃*

***အပ်နှံရန်ခွင့်ပြုထားခဲ့သည့် ယာဉ်အိုယာဉ်ဟောင်းပိုင်ရှင်အများစုမှာ ကားများကို ကညနတွင် အပ်နှံခြင်းမပြုတော့ဘဲ ပြန်လည်ပြုပြင်အသုံးပြုလာကြကြောင်း ယာဉ်ပိုင်ရှင်များထံက သိရှိရသည်။***

***"ကားတွေက အပ်နေရင်လည်း မထူးတော့ဘူးဆိုပြီး မအပ်ရသေးတဲ့ ယာဉ်ပိုင်ရှင်တွေက ပြန်သုံးလာကြတာပါ။ အများစုကတော့ တက္ကစီတွေဖြစ်ပါတယ်။ မအပ်တော့ဘဲနဲ့ ပြန်ပြီး စီးပွားရေးအတွက် အသုံးပြုလာကြတာပါ။ ကိုယ်တိုင်ကလည်း အသစ်မသွင်းနိုင်သေးဘူး။ စလစ်ပြန်ရောင်းဖို့ကျပြန်တော့လည်း ဝယ်မယ့်သူမရှိတော့ ပြန်သုံးတဲ့သဘောပါ"ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောပြသည်။***

***ရန်ကုန်မြို့ တာမွေအဝိုင်းထိပ်ရှိ ကားဝပ်ရှော့ပိုင်ရှင်တစ်ဦးက "အခုအချိန်မှာ ကားဟောင်းမအပ်ဘဲ တက္ကစီပြန်ဆွဲလာကြပါတယ်။ အံ့နှာ အများစုက ကားသမားတွေကိုတောင် စပေါ်တွေပြန်အမ်းပြီး ပြန်အပ်ကားလုပ်ဖို့ စိတ်ကူးထားတာတွေဖျက်ပြီး*** *စာမျက်နှာ ၈ ကော်လံ ၁* ❍

# တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘော ရေအနက် မီတာ ၇၀၀၀၌ မောင်းနှင်မည်

**နန်နင်း ဇွန် ၃**

တရုတ်နိုင်ငံက သမုဒ္ဒရာရေနက်ပိုင်းတွင် မောင်းနှင်နိုင်သည့် ရေငုပ်သင်္ဘောတစ်စင်းကို တီထွင်လိုက်ပြီး ဇွန်လလယ်နှင့် ဇူလိုင်လဆန်းတွင် ကမ္ဘာ့ရေအနက်ဆုံး မီတာ ၇၀၀၀ ၌ စမ်းသပ်မောင်းနှင်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ထိုသို့စမ်းသပ်မောင်းနှင်မှုပြုလုပ်ရန်အတွက် ၎င်းရေငုပ်သင်္ဘောကို တရုတ်နိုင်ငံ ကျန်ယန်မြို့ဆိပ်ကမ်းမှ အဏ္ဏဝါဗေဒသုတေသနသင်္ဘောတစ်စင်းက သယ်ဆောင်သွားပြီဖြစ်သည်။

***စာမျက်နှာ ၃ ကော်လံ ၆*** ✳



## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

❖ ကမ္ဘာ့အမြင့်ဆုံးစာရင်းဝင် တောင်အသစ်သုံးလုံး ထပ်မံတွေ့ရှိ — စာ-၄

❖ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်တို့၏ စိတ်ဝင်စားဖွယ်ရာ မော်စကိုဆွေးနွေးပွဲ — စာ-၅

❖ မျက်မှန်တပ်ကြည့်စရာမလိုသော သရီးဒီရုပ်ရှင်ကားများ ဒါရိုက်တာ ဂျိမ်းကင်မရွန်း ရိုက်ကူးမည် — စာ-၅

❖ ဗိုလ်ခွဲရန် ရေပန်းစားနေသော ဂျာမနီအသင်း၏ အနေအထား — စာ-၇